# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e - paper ဖတ်ရှုရန်


**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)




**ယနေ့ ဖတ်စရာ**

တကယ်လုပ် အဟုတ်ဖြစ်သည် ရွှေပြည်သစ်ဆီ ...
ဆောင်းပါး စာမျက်နှာ » ၆

ဘီးလင်းမြို့နယ် အမှတ်(၂၂) အကြီးစားစက်ရုံ (ဘီးလင်း)မှ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တာယာများ ထုတ်လုပ်လျက်ရှိ
စာမျက်နှာ » ၇

ဒီဂျစ်တယ်ထောင်ချောက်နှင့် သောကြာနေ့ညနေခင်း
ဆောင်းပါး စာမျက်နှာ » ၁၀

ရေကြီးနစ်မြုပ်စိုက်ကေများ ပြန်လည်စိုက်ပျိုးနိုင်ရေး ဆွေးနွေး
စာမျက်နှာ » ၁၂


## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာ လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်



နေပြည်တော် စက်တင်ဘာ ၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာလူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ဂုဏ်ပြု အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့၌ အောင်ချက်အကောင်းဆုံး ဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်းအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။

## ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံအချို့၏ ကြေညာချက်နှင့် ထုတ်ပြန်ပြောကြားချက်များအပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

(၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ နေပြည်တော်)

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံအချို့က ကြေညာချက်များ၊ ထုတ်ပြန်ပြောကြားချက်များ၊ လူမှုကွန်ရက်မီဒီယာများ အပါအဝင် သတင်းဖော်ပြချက်များ ပြုလုပ်ခဲ့သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် နောက်ဆက်တွဲ ဖြစ်စဉ်များသည် အာဆာအကြမ်းဖက်အဖွဲ့၏ တစ်ပြိုင်နက်တည်း အကွက်ချကြိုတင်စီစဉ် စတင်တိုက်ခိုက်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာရခြင်းဆိုသည့်အချက်ကို အဆိုပါကြေညာချက်များနှင့် ထုတ်ပြန်ပြောကြားချက်များတွင် အသိအမှတ်ပြုရန် ပျက်ကွက်လျက်ရှိသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖


## ဖြူးချောင်းရေလှောင်တမံမှ နွေစပါး ၁၇၃၈၉ ဧကအပြင် တိုးချဲ့စိုက်ပျိုးမည့် နွေစပါး ဧက ၈၀၀ အတွက် စိုက်ပျိုးရေ ပို့လွှတ်ပေးသွားမည်

ပဲခူး စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ဖြူးချောင်းရေလှောင်တမံမှ လာမည့်နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါး ၁၇၃၈၉ ဧက အပြင် တိုးချဲ့စိုက်ပျိုးမည့် နွေစပါး ဧက ၈၀၀ အတွက်လည်း စိုက်ပျိုးရေ ပို့လွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တမံရေပြည့်ဖို့ ၁၅ ပေကျော် လိုပါသေးတယ်။ ရေအားလျှပ်စစ်နေ့စဉ်ထုတ်ပေးတဲ့အပြင် နွေစပါးစိုက်ပျိုးရေကိုလည်း ဒီတမံကပဲ ပို့လွှတ်နေတာပါ။ လာမယ့် နွေစပါးရာသီမှာ ပုံမှန်စိုက်ပျိုးကေထက် ဧက ၈၀၀ တိုးချဲ့စိုက်ပျိုးမယ်လို့သိရတဲ့အတွက် တိုးချဲ့ကေတွေအတွက် ရေပို့လွှတ်နိုင်ဖို့ ပြင်ဆင်ထားပါတယ်။ စာမျက်နှာ ၄ ကော်လံ ၅ သို့ ✳



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက နီပေါနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ်ဒေသ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်များ လှူဒါန်း



နီပေါ စက်တင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက နီပေါနိုင်ငံနှင့် တရုတ်နိုင်ငံ နယ်စပ်ဒေသမှ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်များကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်လေယာဉ် Y8 ဖြင့် ရန်ကုန်မြို့မှ နီပေါနိုင်ငံ ကတ္တမန္ဒူးမြို့ရှိ Tribhuvan International Airport(KTM) သို့ သွားရောက်၍ လှူဒါန်းသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကိုယ်စား အလှူငွေနှင့် စားသောက်ကုန်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့်


စာမျက်နှာ ၄ ကော်လံ ၁ သို့ ○

ကြေးမုံ

# ပြည်သူများသွားလာမှုအဆင်ပြေရေး ဘက်ထရီရထားခရီးစဉ်ပြေးဆွဲပေး

ရန်ကုန်တိုင်းဒေသကြီး၏ လူဦးရေသည် လက်ရှိတွင် ခုနစ်သန်းကျော် ရှစ်သန်းရှိသည်။ ပြည်သူများအနေဖြင့် လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့အောင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် နေ့စဉ်နှင့်အမျှ ဆက်သွယ်သွားလာဆောင်ရွက်နေရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ နေ့စဉ်ဆက်သွယ်သွားလာဆောင်ရွက်နိုင်ရန်အတွက် မော်တော်ယာဉ်လိုင်းပေါင်းစုံကို အားထားအသုံးပြုလျက်ရှိသည်။ တိုးတက်များပြားလာသောလူဦးရေအတွက် အများပြည်သူသုံးခရီးသည်ပို့ဆောင်ရေးလုပ်ငန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိသော်လည်း လိုအပ်ချက်များရှိနေသေးသည်။ ထို့ကြောင့် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် မြို့ပတ်ရထားပြေးဆွဲရေးကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ နေ့စဉ်ခရီးသွားပြည်သူများတွင် အဆင့်မြင့်ပညာသင်ကြားနေလျက်ရှိသော ကျောင်းသား ကျောင်းသူများအနေဖြင့် အများပြည်သူပို့ဆောင်ရေးယာဉ်များနှင့် မြို့ပတ်ရထားများကို အားထားအသုံးပြုလျက်ရှိသည်။ ယခုအခါ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် ရန်ကုန်-တိုးကြောင်ကလေး- ဒဂုံတက္ကသိုလ် ရထားခရီးစဉ်ကို ဘက်ထရီရထားစက်ခေါင်းဖြင့် စက်တင်ဘာ ၁ ရက်နေ့မှစတင်၍ ပြေးဆွဲပေးလျက်ရှိရာ ခရီးသွားပြည်သူများသာမက အဆင့်မြင့်ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများပါ အဆင်ပြေချောမွေ့ စိတ်ချမ်းမြေ့လျက်ရှိသည်ဟု ကြားသိရသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာများ သင်ကြားနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်တက္ကသိုလ်အပါအဝင် တက္ကသိုလ်၊ ကောလိပ်များဖွင့်လှစ်ထားပြီး အဓိကကျသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများကို ဒဂုံမြို့သစ်အရှေ့ပိုင်း၊ သန်လျင်နှင့်မှော်ဘီတို့တွင် ဖွင့်လှစ်ထားသည်။ တက္ကသိုလ်၊ ကောလိပ် ကျောင်းသားများ အဆိုပါတက္ကသိုလ်၊ ကောလိပ်များသို့ သွားရောက်ပညာသင်ကြားရာတွင် လွယ်ကူချောမွေ့စေရန် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများကို အထူးစီမံဆောင်ရွက်ပေးထားသည်။ ယခုအခါ ရန်ကုန်မြို့ပတ်ရထားခရီးစဉ်လမ်းကြောင်းတစ်လျှောက်ရှိ ပုဇွန်တောင်၊ မလွှကုန်း၊ နှင်းဆီကုန်း၊ သဃ်န်းကျွန်း၊ ငမိုးရိပ်နှင့် တိုးကြောင်ကလေး စသည့်ဘူတာများတွင် ရထားရပ်တန့်ပေးပြီး ခရီးသွားများအဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုစတင်ပေးခဲ့သည့်ခရီးစဉ်သည် ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားခရီးစဉ်တွင် ခရီးသွားပြည်သူများနှင့်ဒဂုံတက္ကသိုလ် ကျောင်းသား ကျောင်းသူများ လွယ်ကူချောမွေ့အဆင်ပြေစွာသွားလာနိုင်မည်ဖြစ်ပြီး ရထားစီးခရီးသွားမှုယခုထက်ပိုမိုများပြားလာပါက မြန်မာ့မီးရထားက ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဟု သိရသည်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် ယခင်က ကျောင်းတက်ရာတွင် အများပြည်သူသုံးဘတ်စ်ကားများကို အချိန်ကြာမြင့်စွာ ကျပ်ကျပ်တည်းတည်းစီးနင်းခဲ့ရသောကြောင့် အချိန်ကုန်လူပင်ပန်းပြီး ပညာသင်ကြားရေးတွင် အဟန့်အတားဖြစ်ခဲ့သည်။ အချို့ကျောင်းသား ကျောင်းသူများအနေဖြင့် လစဉ်ကျောင်းကားများဖြင့် ကျောင်းတက်ခဲ့ရပြီး ယခုအခါ စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုကြောင့် ကျောင်းကားဈေးနှုန်းလည်းတက်လာသဖြင့် ငွေကြေးကုန်ကျစရိတ်တက်လာခဲ့သည်။

ဒဂုံတက္ကသိုလ်တွင်ပညာသင်ကြားရေးအတွက် ယခုကဲ့သို့ ရထားစီစဉ်ပေးသောကြောင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အချိန်မကုန်၊ ငွေမကုန်၊ လူမပင်ပန်းဘဲ ချောင်ချောင်ချိချိသက်သက်သာသာသွားလာရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည်။ ဒဂုံတက္ကသိုလ် နေ့သင်တန်းများတွင်တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူ ၅၇၇၀ ရှိပြီး အဝေးသင်ကျောင်းသား ကျောင်းသူ ၃၅၀၀၀ ကျော်ရှိသည်။ ကျောင်းသား ကျောင်းသူပေါင်း နှစ်သောင်းနီးပါး ပညာသင်ကြားရေးအတွက် အဆင်ပြေချောမွေ့သွားသဖြင့် ပညာရပ်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် သင်ကြားနိုင်တော့မည်ဖြစ်သည်။ ယခုစက်တင်ဘာလတွင် တက္ကသိုလ်စာမေးပွဲများ ကျင်းပတော့မည်ဖြစ်၍ ရထားစီးရင်း ပညာလေ့လာဆည်းပူးနိုင်သဖြင့် အချိန်ကို ထိရောက်စွာအသုံးချနိုင်တော့မည်ဖြစ်သည်။ မြန်မာ့မီးရထားအနေဖြင့် အဆိုပါခရီးစဉ်အပြင် ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည်၊ ရန်ကုန်-မော်လမြိုင် DEMU ရထားခရီးစဉ်များကို တိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။

ဒဂုံတက္ကသိုလ်သို့ ပြေးဆွဲပေးရာတွင် ပထမရထားမှာ နံနက် ၆ နာရီ ၁၅ မိနစ်တွင်တစ်စင်း၊ ဒုတိယရထားမှာ နံနက် ၇ နာရီ ၄၅ မိနစ်တွင်တစ်စင်းထွက်သည်။ တစ်နေ့လျှင် တွဲဆိုင်းနှစ်ဆိုင်းဖြင့် အသွားအပြန် ၁၂ ခေါက် ပြေးဆွဲပေးလျက်ရှိသည်။ ဘက်ထရီစက်ခေါင်းဖြင့်ပြေးဆွဲရာတွင် တွဲခြောက်တွဲပါပြီး တစ်တွဲတွင် ခရီးသည် ၆၂ ဦးနှင့် ကျောင်းသား ကျောင်းသူ ၄၀၀ နီးပါး လိုက်ပါစီးနင်းနိုင်သည်။ လက်မှတ်ခမှာ ငွေကျပ် ၅၀၀ ဖြစ်ပြီး ဘူတာစဉ်ရပ်ပေးသဖြင့် ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စီးနိုင်ပြီဖြစ်၍ စည်းကမ်းရှိရှိလိုက်ပါစီးနင်းကြခြင်းဖြင့် နှစ်ဦးနှစ်ဖက်အဆင်ပြေချောမွေ့ပြီး ပြည်သူများ၏ဆန္ဒများကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပြီဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## (၂-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၃ ~ ၃၆၆၅.၇ | ၅၅၇.၅ ~ ၅၅၈.၂ | ၁၂၅.၄ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၇၉၁,၈၆၈.၈၉ | ၆,၅၁၆,၉၆၄.၅၄ | ၈၄,၅၆၂,၀၁၉.၁၄ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

**ပုသိမ် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် ပုသိမ်မြို့နယ် ဥပဒေရုံးနှင့် အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း ၁/၂၀၂၆ကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် ပုသိမ်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဦးကျော်စိုးအောင်က အမှာစကားပြောကြားပြီး ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း(ToT) မှ သင်တန်းဆင်းသည့် အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမျိုးလွင်က ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေနှင့် မူးယစ်ဆေးဝါးဥပဒေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေအကြောင်းအရာများကို ပို့ချခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဦးထက်ပိုင်လင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ၂ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂ - ၉ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁,၆၄၄ | ၂၉,၂၆၄,၅၀၀ |
| MTSH | ၈,၉၀၀ | ၈,၈၀၀ | ၇၉၅ | ၇,၀၀၀,၉၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၁ | ၁၃,၀၀၀ |
| FPB | ၆,၇၀၀ | ၆,၉၀၀ | ၆,၀၅၀ | ၄၁,၆၃၅,၀၀၀ |
| TMH | ၃,၆၀၀ | ၃,၅၀၀ | ၅၇ | ၁၉၉,၆၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၄,၃၀၅ | ၇,၉၁၄,၂၅၀ |
| AMATA | ၄,၄၀၀ | ၃,၄၀၀ | ၉၃ | ၃၃၄,၂၀၀ |
| MAEX | ၆,၇၀၀ | ၆,၇၀၀ | ၆၄၄ | ၄,၂၉၆,၈၀၀ |
| MADPL(PLB) | ၆,၂၀၀ | ၆,၄၀၀ | ၃,၁၀၃ | ၁၉,၆၅၈,၆၀၀ |
| ASPGB(PLB) | ၆,၈၀၀ | ၆,၈၀၀ | ၂,၃၉၅ | ၁၆,၀၆၁,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာလူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်အတူ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများမှ အုပ်ချုပ်မှု တာဝန်ခံအရာရှိများနှင့် ကျောင်းအုပ်ကြီးများ၊ ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေး




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာက လူရည်ချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ ပေးအပ်ချီးမြှင့်စဉ်။

ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် တပ်မတော်အနေဖြင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်ပေးနေခြင်းသည် လူငယ်မောင်မယ်များ၏ ကြိုးစားအားထုတ်ခဲ့မှုများ၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် စွမ်းအားများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ပြုချီးမြှင့်ပေးခြင်းပင်ဖြစ်ကြောင်း၊ ထို့ပြင် လူငယ်မောင်မယ်များ၏ ရင်ထဲတွင် အောင်မြင်မှု၏ အသီးအပွင့်များကို ခံစားတတ်ပြီး ဘဝတစ်လျှောက်အောင်မြင်မှုကို ရင်းနှီးခုံမင်တတ်သည့် စိတ်အမြုတေတစ်ခုဖြစ်ပေါ်လာစေရန် ထုဆစ်ပုံဖော်ပေးခြင်းလည်းဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၅၃ ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၁၂၀ ၊ လူရည်ချွန်ဆုရရှိသူ ၂၉ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ စစ်သည်လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည်ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည် ရှစ်ဦးတို့အပြင် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်အခြေခံပညာ အထက်တန်းကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများကိုလည်း ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ကျန်ဆုရရှိသူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

လူငယ်မောင်မယ်များ အနေဖြင့် ယခုအခါ အခြေခံပညာအဆင့်ကို ထူးချွန်မှုများနှင့်အတူ အောင်မြင်ခဲ့ပြီးဖြစ်၍ ရရှိသည့် အမှတ်စာရင်းများအလိုက် အဆင့်မြင့် တက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ကြားသွားကြရမည်ဖြစ်ကြောင်း၊ အဆင့်မြင့် တက္ကသိုလ် ပညာရပ်များကို သင်ကြားရန်အတွက် ရွေးချယ်ရာတွင် မိမိဝါသနာအပေါ်အခြေခံပြီး ရွေးချယ်နိုင်ကြမည်ဆိုပါက မိမိတို့ဘဝရပ်တည်ရေးနှင့် အောင်မြင်မှုများအတွက် အကောင်းဆုံးဖြစ်မည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီးသည် နည်းပညာခေတ်ဖြစ်သည်နှင့် အညီ Mobile Phone သုံးစွဲမှုနှင့်အတူ လူမှုကွန်ရက်ပလက်ဖောင်းအသီးသီးတွင် သုံးစွဲမှုများသည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ သုံးစွဲမှုအရွယ်များကို လေ့လာကြည့်ပါက KG မတိုင်မီ အရွယ်အပါအဝင် အဆင့်မြင့် တက္ကသိုလ် ပညာသင်အရွယ်များအထိ ပါဝင်နေသည်ကို တွေ့မြင်နေရကြောင်း၊ လူမှုကွန်ရက်ပလက်ဖောင်းမျိုးစုံမှတစ်ဆင့် သတင်းတု၊ သတင်းမှားများဖတ်မိပြီး စိတ်အလိုလိုက်ကာ လွဲမှားသည့် အယူအဆအမှားများ မှတစ်ဆင့် လမ်းမှား၊ ဘဝပျက်ခဲ့ရသည့် လူငယ်များရှိနေသကဲ့သို့ လူငယ်များ၏ လောကနီတိဖွံ့ဖြိုးမှု၊ လူငယ်များ၏ စွမ်းရည်မြင့်မားရေးဆိုင်ရာ လေ့လာမှုအပိုင်းများတွင် စိတ်ပါဝင်စားမှုနှင့် လိုက်နာမှုများ တစ်စတစ်စလျော့ပါးလာသည့် အနာဂတ်အန္တရာယ်များကိုတွေ့မြင်နေရကြောင်း။

ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့၏သားသမီးများ ဆိုရှယ်မီဒီယာများသုံးစွဲခြင်းကို စည်းကမ်းတကျ စီမံကြပ်မတ်ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ လူသားတို့၏ ဘဝအဖော်မွန်ကောင်းတစ်ခုသည် စာကောင်းပေမွန်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စာကောင်းပေမွန်များ ဖတ်ရှုခြင်းဖြင့် ဘဝ၏စဉ်းစားတွေးခေါ်မှုများ၊ ဘဝ၏ဆုံးဖြတ်ချက်များ၊ ဘဝရပ်တည်မှုများသည် မြင့်မားသည်ထက် မြင့်မားလာမည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းသည် တတ်မြောက်ထားသည့် အတန်းပညာများသာမက အသိပညာ၊ အတတ်ပညာများကိုပါ ပိုမိုရင့်သန်စေခြင်းဖြစ်၍ လက်ရှိငယ်ရွယ်စဉ်ကတည်းက စာပေများဖတ်ရှုခြင်းဝါသနာကို မွေးမြူကြရန်လိုအပ်ကြောင်း။

တပ်မတော်သား အရာရှိ၊ စစ်သည်များသည် နိုင်ငံတော်၏ နယ်မြေအသီးသီးတွင် ကျရာတာဝန်ကို နေရာဒေသမရွေး ထမ်းဆောင်နေကြသူများပင်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ကျရာ




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက လူရည်ချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ ပေးအပ်ချီးမြှင့်စဉ်။

နယ်မြေအသီးသီးတွင် ပေးအပ်လာသည့် ကျရာတာဝန်များကို ထမ်းဆောင်ကြရင်း ကိုယ်စီမိသားစုများ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍများကို တိုးတက်အောင် ထမ်းဆောင်နေကြသူများပင်ဖြစ်ကြောင်း၊ ထိုသို့ ဘဝ၏ စိန်ခေါ်မှုများကြားက မိမိတို့သားသမီးများ၏ ပညာရည်မြင့်မားရေးကို စွမ်းစွမ်းတမံ ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြသူများသည် နိုင်ငံတော်၏ စစ်သည်တော်ကောင်းများ ဖြစ်သကဲ့သို့ မိသားစု၏ မိဘကောင်းများအဖြစ်လည်း သမိုင်းမှတ်တမ်းတင်နိုင်ခဲ့ကြသူများ ဖြစ်ကြောင်း၊ မိဘ၏အရိပ်အောက်မှ ကြိုးစားအောင်မြင်ခဲ့ကြသည့် လူငယ်မောင်မယ်တို့ အနေဖြင့်လည်း မိသားစု၏ သားသမီးကောင်းရတနာများအဖြစ်သာမက နိုင်ငံ့သားကောင်းရတနာများအဖြစ်ပါ ဆင့်ကဲကမ္ပည်းထိုးနိုင်ခဲ့မှုအတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

မိမိတို့တပ်မတော် အနေဖြင့် ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် ကဏ္ဍနှစ်ခုကို အပိုင်းခွဲ ဖော်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးနှင့် တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးပင်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရန်အတွက် တပ်မတော်ပညာရေးကျောင်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ တပ်မတော်သား မိသားစုဝင်များ၏ ပညာရည်မြင့်မားရေးအတွက်လည်း ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး အခြေခံပညာရေးမှသည် အဆင့်မြင့်ပညာရေးအထိ သင်ကြားအောင်မြင်နိုင်ရေး အစဉ်တစိုက် ကြိုးပမ်းထမ်းရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လက်ရှိ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင်လည်း တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း နှစ်ကျောင်းကို အထက်မြန်မာပြည်၊ အောက်မြန်မာပြည်ခွဲ၍ နေပြည်တော်နှင့် ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ပညာရေးကဏ္ဍသစ်အဖြစ် ဖွင့်လှစ်လိုက်သည့် ကျောင်းများတွင် တပ်မတော်သားမိသားစုဝင်များ၊ တပ်မတော်သားအငြိမ်းစားများ၏ မိသားစုဝင်များအပြင် တပ်မတော်နှင့် တပ်မတော်၏ ပညာရည်မြင့်မားရေး ဖော်ဆောင်မှုအပေါ် စိတ်ပါဝင်စားစွာတက်ရောက်လိုသူများအား ဖွင့်လှစ်သင်ကြားပေးနေပြီ ဖြစ်သကဲ့သို့ တက်ရောက်လိုသူများအား အမြဲတမ်းကြိုဆိုလျက်ရှိကြောင်း။

လူငယ်မောင်မယ်တို့ ကိုယ်စီတွင် ပိုင်ဆိုင်ထားပြီဖြစ်သည့် ထူးချွန်လိုသည့် စိတ်ဓာတ်၊ ငယ်ရွယ်စဉ်ကတည်းက ရည်မှန်းချက်ထားရှိခဲ့သည့် ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်ဓာတ်၊ ထူးချွန်အောင်မြင်မှုကို ခုံမင်သည့် စိတ်ဓာတ်များကို အခြေခံပြီး မိမိတို့ရွေးချယ်ရာ အဆင့်မြင့် တက္ကသိုလ်ပညာရပ်များတွင်လည်း ထူးချွန်အောင်မြင်သူများဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားကြရန်၊ မိမိဘဝအတွက်၊ မိမိမိသားစုအတွက်၊ မိမိနိုင်ငံတော်အတွက် တတ်သင့်တတ်ထိုက်၊ သိသင့်သိထိုက်သည် မှန်သမျှကို တတ်ချင်၊ သိချင်၊ ကြိုးစားချင်သည့် အညွန့်တလူလူစိတ်ဓာတ်နှင့် နိုင်ငံတော်၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်နိုင်သူများဖြစ်အောင် ဆက်လက်ကြိုး စားသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် အခြေခံပညာ လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် တပ်မတော်ပညာရေးကျောင်းများနှင့် တပ်မတော်အခြေခံပညာကျောင်းများ၏ ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်း ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ သုံးဦး၊ လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ နှစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာက လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ငါးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ပညာရေး ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ သုံးဦး၊ လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ သုံးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်နန်းကူးကူက လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ခြောက်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများက လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုဆုများ ပေးအပ်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များကိုယ်စား လူရည်ချွန်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့် အတူ အမှတ်တရ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာတို့က အခမ်းအနား တက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဆရာ ဆရာမများအား စားသောက်ဖွယ်ရာများဖြင့် ဂုဏ်ပြု တည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက လူငယ်ဂုဏ်ပြု တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဂုဏ်ပြုဧည့်ခံဖျော်ဖြေပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ၊ မိဘများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ ၂၀၁၇ မှ

ဖြစ်စဉ်အမှန်မှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် အာဆာအကြမ်းဖက်များက ရခိုင်ပြည်နယ်မြောက်ပိုင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ ကနဦးကျူးလွန်ခဲ့ပြီး ယင်းဖြစ်စဉ်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများ အသက်ဆုံးရှုံးခဲ့ရသည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်တွင် အာဆာအကြမ်းဖက်များက ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ လုံခြုံရေးစခန်း ၃၀ နှင့် တပ်ရင်းဌာနချုပ်တစ်ခုတို့ကို တစ်ပြိုင်နက်တည်း အကွက်ချတိုက်ခိုက်ခဲ့ခြင်းကြောင့် မြန်မာလုံခြုံရေး တပ်ဖွဲ့ဝင်များ၊ အစိုးရဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခဲ့ရပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

သို့သော်ကမ္ဘာ့နိုင်ငံအချို့က အာဆာအကြမ်းဖက်များ၏ ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကို လျစ်လျူရှုထားကြောင်း တွေ့ရှိရသည်။ အကြမ်းဖက်မှု၏ အသွင်သဏ္ဌာန် မျိုးစုံနှင့် လုပ်ရပ်များအားလုံးကို ရှုတ်ချသင့်သည်။

အာဆာ အကြမ်းဖက်များ၏ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ၎င်းတို့၏ အစွန်းရောက် အကြမ်းဖက်ဝါဒဖြင့် ခြိမ်းခြောက်မှုများ လုပ်ဆောင်မှုတို့ကြောင့် ဒေသခံတိုင်းရင်းသားများက အခြားမြို့ရွာများသို့လည်းကောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ဘင်္ဂါလီများက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်းကောင်း နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဖြစ်စဉ်များ၏ အရင်းခံအကြောင်းတရားများနှင့် မြေပြင်ပကတိအခြေအနေမှန်များကိုလည်း လျစ်လျူရှုကာ မြန်မာနိုင်ငံ၏ပုံရိပ်နှင့် ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်မှုများ မပြုသင့်ကြောင်း အလေးထား ဖော်ပြလိုသည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည့်အားလျော်စွာ မိမိနိုင်ငံအား ကာကွယ်ပိုင်ခွင့်နှင့် နိုင်ငံနှင့်လူမျိုးအပေါ် ကျူးလွန်သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို တုံ့ပြန်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ထို့ပြင် အကြမ်းဖက်တိုက်ခိုက်မှုများအား တုံ့ပြန်ရာတွင် မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အပြစ်မဲ့ဒေသခံပြည်သူများနှင့် ၎င်းတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်နှင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်အတွက် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ (RoE) နှင့်အညီ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံတွင် မရှိသည့် လူမျိုး အမည်ဖြင့် လွဲမှားစွာသုံးစွဲဖော်ပြလျက်ရှိသည့် အခြေအနေကိုလည်း ပြတ်သားစွာကန့်ကွက်သည်။ ထို့ကြောင့် ယင်းစကားရပ်ကို နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အသုံးပြု၍ ရခိုင်ပြည်နယ်မြောက်ပိုင်း ဆက်စပ်ဖြစ်စဉ်များအပေါ် နိုင်ငံရေးအရ အကျိုးအမြတ်ရှိစေရန်အတွက် ကြေညာချက်များနှင့် ထုတ်ပြန်ပြောကြားချက်များ ထုတ်ပြန်နေခြင်းကို လက်ခံနိုင်ခြင်း မရှိပါ။ ယင်းဆောင်ရွက်ချက်များသည် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် ရရှိထားသည့် သဘောတူညီချက်များနှင့်အညီ စိစစ်ပြီး နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး မြန်မာနိုင်ငံ၏ စေတနာမှန်ဖြင့် ကြိုးပမ်းအားထုတ်မှုများအတွက် အပြုသဘောဆောင်သည့် အထောက်အပံ့ဖြစ်မည် မဟုတ်ပါ။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စခန်းများတွင် ရောက်ရှိနေသူအားလုံးအား မြန်မာနိုင်ငံမှဟု စွပ်စွဲပြောဆိုချက်များအပေါ် မြန်မာနိုင်ငံအနေဖြင့် စိုးရိမ်မကင်းဖြစ်ရကြောင်း ထပ်လောင်း ဖော်ပြအပ်သည်။ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးကိစ္စသည် နှစ်နိုင်ငံအကြား ဖြေရှင်းရမည့်ကိစ္စဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့်စိစစ်ပြီးနေရပ်စွန့်ခွာသူများကို ၎င်းတို့၏ ဆန္ဒအလျောက်၊ လုံခြုံ၊ ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ခင်မင်ရင်းနှီးသည့် မိတ်ဆွေနိုင်ငံများနှင့် နီးကပ်စွာ လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနှင့်စပ်လျဉ်း၍ ၁၅-၈-၂၀၂၆ ရက်တွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် ကြိုးပမ်းမှုများအပေါ် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များ၏ အရင်းခံအကြောင်းတရားများနှင့် မြေပြင်ပကတိ အခြေအနေမှန်များကို အသိအမှတ်ပြုခြင်းမရှိဘဲ နိုင်ငံအချို့၏ နိုင်ငံရေးလှုံ့ဆော်မှုအရ ထုတ်ပြန်သည့် ကြေညာချက်များ၊ ထုတ်ပြန်ပြောကြားချက်များ၊ လူမှုကွန်ရက်မီဒီယာများ အပါအဝင် သတင်းဖော်ပြချက်များကို မြန်မာနိုင်ငံက ပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်**

---

○ ပြည်ထောင်စုမှ

တာဝန်ရှိသူများက ထိုသို့ သွားရောက် ပေးအပ်လှူဒါန်းခြင်း ဖြစ်သည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ယခုလှူဒါန်းမှုသည် နီပေါပြည်သူများအပေါ် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ၏ လူသားချင်း စာနာထောက်ထားမှုအရ ကူညီထောက်ပံ့ခြင်း ဖြစ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ သဘာဝဘေးသင့်ပြည်သူများ အမြန်ဆုံးပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိစေရေး ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့အတူ နီပေါနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီးဌာနဝန်ကြီးက မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီပံ့ပိုးပေးမှုအတွက်



အထူးကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါ ကူညီထောက်ပံ့မှုများကို သဘာဝဘေးသင့် ပြည်သူများအတွက် ထိရောက်စွာ အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက နီပေါနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီးဌာန ဝန်ကြီးထံ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ငါးသိန်းနှင့် ပဲရှစ်တန်ကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ပေးအပ်လှူဒါန်းမှုတွင် မတ်ပဲ ငါးတန်နှင့် ကုလားပဲ သုံးတန်တို့ပါဝင်ပြီး နီပေါနိုင်ငံမှ သဘာဝဘေးသင့်ပြည်သူများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပေးအပ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်သည့်အခါ နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အခြေခံမူများနှင့်အညီ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်လျက်ရှိပြီး နိုင်ငံများအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုနှင့် လူသားချင်းစာနာမှု ပိုမိုခိုင်မာစေရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

✳ ဖြူးချောင်းမှ

တိုင်းဒေသကြီးအတွင်းမှာ တစ်နှစ်ထက်တစ်နှစ် နွေစပါး တိုးချဲ့စိုက်ပျိုးမှုနဲ့ တိုးချဲ့စိုက်ဧကတွေအတွက် စိုက်ပျိုးရေပို့လွှတ်နိုင်မှုဟာ တောင်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမှာ အမှန်ပါ”ဟု ဖြူးချောင်းရေလှောင်တမံ စီမံကိန်း ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတလန်ဂျာက ပြောသည်။

ဖြူးချောင်းရေလှောင်တမံမှ နွေစပါးစိုက်ခင်းများသို့ ဇန်နဝါရီလမှစတင်ကာ မေလအထိ စိုက်ပျိုးရေများကို ပို့လွှတ်သွားမည်ဖြစ်ပြီး နွေစပါးရာသီတွင် ဆင်းသုခ၊ ရက် ၉၀၊ နံ့ကောက်၊ ရတနာတိုး၊ ဗီယက်နမ်၊ ရေဆင်းပေါ်ဆန်း(၁)နှင့် အောင်နိုင်တိုးစပါးတို့ကို စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

ဖြူးချောင်းရေလှောင်တမံသည် အလယ်ရိုးမမှ စီးဆင်းလာသောရေများကို သိုလှောင်ထိန်းညှိပေးထားပြီး တမံအတွင်းသို့ ပျမ်းမျှ ဧကပေ ၆၆၈၀၀၀ ရေစီးဝင်၍ ဧကပေ ၆၃၂၅၃၀ ရေသိုလှောင်နိုင်သောကျောက်ဖြည့်တမံ အမျိုးအစားဖြစ်ကာ ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို အထောက်အပံ့ပြုနေသည့် ရေလှောင်တမံတစ်ခုဖြစ်သည်။

ညိမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ - ဖြူးချောင်းရေလှောင်တမံ

**နေရောင်အောက်က သက်ရှိတွေကို**
**စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# မိတ္ထီလာစီးပွားရေးတက္ကသိုလ် (၂၅)နှစ်မြောက် ငွေရတုသဘင်အခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၂**

မိတ္ထီလာစီးပွားရေးတက္ကသိုလ် စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အထိ နေ့သင်တန်း ကျောင်းသားကျောင်းသူ ၁၀၉၅၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ၊ စွန့်ဦးတီထွင်မှုနှင့် စီမံခန့်ခွဲမှုပညာစသည့် ပညာရပ်များကို သင်ကြားပေးလျက်ရှိသည်။

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ (၂၅)နှစ်မြောက် ငွေရတုသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပင်မဆောင်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က virtual zoom system ဖြင့် တက်ရောက်ပြီး မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ နည်းပြများ၊ ဝန်ထမ်းများ၊ ဘွဲ့ကြို ဘွဲ့လွန်သင်တန်းများမှ ကျောင်းသား ကျောင်းသူများ၊ MBA၊ MPA၊ MBF၊ MDevS၊ MAS တို့မှ ကျောင်းသားကျောင်းသူများ၊ ကျောင်းသား ကျောင်းသူဟောင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက မိတ္ထီလာစီးပွားရေးတက္ကသိုလ်သည် (၂၅)နှစ်ကာလပတ်လုံး စီးပွားရေးနှင့် စီမံခန့်ခွဲမှုပညာရပ်များကို သင်ကြားဖြန့်ဝေပေးရင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့်အခန်းကဏ္ဍကနေ ပါဝင်နေပါကြောင်း၊ ယနေ့ခေတ်တွင် သုတေသနကဏ္ဍသည်လည်း အလွန်အရေးကြီးပြီး နိုင်ငံ့အကျိုးပြု သုတေသနရလဒ်ကောင်းများ ထွက်ပေါ်လာရန် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအား အလုပ်သင်အဖြစ် လက်တွေ့ကွင်းဆင်းဆောင်ရွက်နိုင်ရန် လုပ်ငန်းရှင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေးသည်လည်း အဓိကကျပါကြောင်း၊ ငွေရတုမှသည် နောင်လာမည့်ကာလများတွင်လည်း ပိုမိုခိုင်မာသည့် အဆင့်မြင့်ပညာရေး အဖွဲ့အစည်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ပြီး နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကို ဆက်လက်မွေးထုတ်နိုင်ပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က (၂၅)နှစ်မြောက် ငွေရတုသဘင်အခမ်းအနားတွင် ကူညီပါဝင်ဆောင်ရွက်ပေးခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်၍ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ငွေရတုအထိမ်းအမှတ် Logo ပြိုင်ပွဲတွင် ဆုရရှိသူအား ဂုဏ်ပြုဆုငွေ ချီးမြှင့်သည်။

(၂၅) နှစ်မြောက် ငွေရတုသဘင်အခမ်းအနားတွင် ဓာတ်ပုံပြခန်း၊ သုတေသနစာတမ်းဖတ်ပွဲများနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ၊ အမှတ်တရ အရောင်းဆိုင်ခန်းများ၊ စတုဒိသာညှော်ခံကျွေးမွေးမှုများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုင်းရယ်မြို့နယ်၌ ပြည်သူ့စကားဝိုင်း ပြုလုပ်

**မိုင်းရယ် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယမန်နေ့ နံနက်ပိုင်းက နားခိုကျေးရွာ ဘက်စုံသုံးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာလာက ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်သူများက လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မြေယာကဏ္ဍများနှင့် ကျေးလက်ဒေသဆိုင်ရာလိုအပ်ချက်များကို တင်ပြကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လတ်တလော ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများနှင့် အဆင့်ဆင့် တင်ပြဆောင်ရွက်သွားမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် စက်တင်ဘာ ၂**

ယနေ့နံနက် ၇ နာရီ ၂၁ မိနစ် ၅၅ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် မိုင် ၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (စဉ့်ကိုင်မြို့၏အနောက်ဘက် လေးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၇၃ ဒီဂရီ၊ အရှေ့ လောင်ဂျီတွဒ် ၉၆ ဒသမ ၀၄ ဒီဂရီ၊ အနက် ရှစ်ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃.၇(M) အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင် ဖွင့်လှစ်မည့် သင်တန်းများအတွက် သင်တန်းသား သင်တန်းသူများ ခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း အမှတ်စဉ်(၂)၊ သုံးလသင်တန်းများဖြစ်သော ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ ဆံသသင်တန်းနှင့် တံဆိပ်ရိုက်သင်တန်းများကို ၇-၉-၂၀၂၆ ရက်မှ ၇-၁၂-၂၀၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ ကိုယ်အင်္ဂါမသန်စွမ်းသူဖြစ်ရမည်။
၂။ အသက်(၁၈)နှစ်မှ (၄၅)နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ နေ့စဉ်တစ်ကိုယ်ရေလုပ်ငန်းဆောင်တာများအား ဆောင်ရွက်နိုင်သူဖြစ်ရမည်။
၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။
၅။ သင်တန်းကာလအတွင်း ကျောင်းမှချမှတ်ထားသော စည်းကမ်းများကို လေးစားလိုက်နာနိုင်ရမည်။
၆။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။
၇။ ပညာအရည်အချင်းနှင့်သင်ကြားပေးမည့်ဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| သင်တန်းအမည် | ပညာအရည်အချင်း | ဘာသာရပ်များ |
|---|---|---|
| (၁) ကွန်ပျူတာသင်တန်း | အထက်တန်း | Microsoft word၊ Microsoft Excel၊ Power Point၊ Adobe Pagemaker 7.0၊ Photo Shop |
| (၂) စက်ချုပ်သင်တန်း | အလယ်တန်း | အခြေခံစက်နင်းခြင်း၊ Pattern ဆွဲနည်း/ထုတ်နည်း၊ Blouse အင်္ကျီအမျိုးမျိုး၊ ချိတ်ထဘီ နှင့် ကျားရုပ်အင်္ကျီချုပ်နည်း |
| (၃) ဆံသသင်တန်း | မူလတန်း | အမျိုးသားနှင့် အမျိုးသမီးဆံပင်ပုံစံမျိုးစုံညှပ်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆေးဆိုး၊ ဆံပင်ဖြောင့်/ကောက်၊ မျက်နှာနှင့်ဆံပင်ပေါင်းတင်ခြင်းနှင့် နားဖောက်ခြင်း |
| (၄) တံဆိပ်ရိုက်သင်တန်း | မူလတန်း | ဒီဇိုင်းဘောင်ပြုလုပ်ခြင်း၊ ဆေးစပ်ခြင်း၊ အင်္ကျီတံဆိပ်ရိုက်ခြင်း၊ အင်္ကျီစတေကာပြုလုပ်ခြင်း၊ ဖန်ခွက်တံဆိပ်ရိုက်ခြင်း၊ မှန်ပန်းချီပြုလုပ်ခြင်း |

**သင်တန်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ မှတ်ပုံတင်မိတ္တူ
၂။ အိမ်ထောင်စုဇယားမိတ္တူ
၃။ ပတ်စ်ပို့ဓါတ်ပုံ(၂)ပုံ
၄။ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံချက်မူရင်း
၅။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများနှင့် သောက်သုံးနေရသည့် ဆေးဝါးများ ယူဆောင်လာရန်
၆။ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်(ပုံစံ-၁၂)

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်း အတွင်းရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း စားသောက်နေထိုင်ရေး၊ သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော အသွားအပြန်ခရီးစရိတ်များကို နိုင်ငံတော်မှ စီစဉ်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်းနံပါတ်- ၀၆၇-၄၀၄၂၅၂ နှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်) ဖုန်းနံပါတ် ၀၁-၉၆၆၁၇၁၂၊ ၀၉-၄၄၈၀၃၅၀၈၀၊ ၀၉-၉၇၂၆၆၁၈၄၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# တကယ်လုပ် အဟုတ်ဖြစ်သည် ရွှေပြည်သစ်ဆီ ...



ဒေါက်တာ
မောင်ကျော်
ပါမောက္ခချုပ်
(ငြိမ်း)

၂၀၁၅ ခုနှစ်ကုန် ၂၀၁၆ ခုနှစ် မတ်လအတွင်း ပြည်သူများက ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်တင်မြှောက်ခဲ့သည့် ကိုယ်စားလှယ်များဖြင့် လွှတ်တော်အသီးသီး ပေါ်ပေါက်လာခဲ့သည်။ နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအသီးသီးကို ဖွဲ့စည်းပုံအရ ဖွဲ့စည်းနိုင်ခဲ့သည်။

ရွေးကောက်တင်မြှောက်ခံ အစိုးရသစ်သည် ပိုမိုကောင်းမွန်သည့် အနာဂတ်ဆီသို့ ဦးတည်ကာ ဖြောင့်တန်းစွာ လျှောက်လှမ်းနေပြီဖြစ်သည်။ အစိုးရတစ်ရပ်ဆိုသည်မှာ ကာလအပိုင်းအခြားတစ်ခုအတွင်း၌ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးရသည့် နိုင်ငံတော်၏ အဖွဲ့အစည်းတစ်ခုဖြစ်သည်။

- ■ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့
- ■ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့
- ■ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

ဟူသော ဦးတည်ချက်များနှင့် လုပ်ငန်းစဉ်များ သတ်သတ်မှတ်မှတ်ချမှတ်ကာ ရွှေပြည်သစ်ကို တည်ဆောက်လျက်ရှိသည်။

သည်တွင်ရွှေမြို့၊ သည်သို့စေတီ၊ သည်ဆီရွှေနန်း၊ ဖြောင့်တန်းတော့မည်၊ စိတ်က ရည်သန်ကာ လူမျိုး၊ ဘာသာ၊ သာသနာဖွံ့ဖြိုးဖို့၊ သာယာဝပြောဖို့၊ စီမံခန့်ခွဲအုပ်ချုပ်မှု ကောင်းမွန်ဖြောင့်တန်းဖို့ မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဆီသို့ ဦးတည်လျှောက်လှမ်းလျက်ရှိသည်။

မြန်မာနိုင်ငံသည် နိုင်ငံသားအားလုံးအရေး၊ တိုင်းရင်းသားတို့အရေး သမိုင်းသင်ခန်းစာများက မနည်းလှ၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးရပြီးကာလ လွတ်လပ်ရေးရပြီးနောက်ပိုင်း၊ ၂၀ ရာစုကုန်ဆုံးသည့် ကာလများတိုင် ပါလီမန်ဒီမိုကရေစီ၊ ဆိုရှယ်လစ်ဒီမိုကရေစီ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်ဟူ၍ ဖွဲ့စည်းပုံများအရ နိုင်ငံတော်၏အရေးကိစ္စတို့ကို ဆောင်ရွက်ခဲ့သည်။ အကြောင်းအကျိုး ၊ အကောင်းအဆိုးများကို ဖြတ်ကျော်ခဲ့ကြရသည်။ သမိုင်းအဆက်ဆက်၏ အတွေ့အကြုံများအရ မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းတို့သည် မျိုးနွယ်စုကြီးများအဖြစ် ဥမကွဲသိုက်မပျက် စည်းလုံးလက်တွဲကာ ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးနိုင်ရန်ဖြစ်သည်။

**ပြည်ပခရီးစဉ်များ**

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်ကာ သက်ဆိုင်ရာဝန်ကြီးများပါဝင်သည့် အဖွဲ့သည် ၂၀၁၆ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ အဆိုပါနိုင်ငံများမှ အကြီးအကဲများ၏ ဖိတ်ကြားချက်အရ ပြည်ပခရီးစဉ်များ သွားရောက်နိုင်ခြင်းဖြင့် နိုင်ငံတကာသံတမန်ရေးရာနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် စီးပွားရေးကုန်ထုတ်လုပ်မှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ပညာရေးနှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာ၊ အာကာသနည်းပညာနှင့် ကာကွယ်ရေး၊ စက်မှုလက်မှုကဏ္ဍများအပါအဝင် နယ်ပယ်စုံ ကဏ္ဍစုံမှ အောင်မြင်သည့်ဆွေးနွေးမှုရလဒ်များ ပေါ်ထွက်လာအောင် ဆွေးနွေးနိုင်ခဲ့ခြင်းက နိုင်ငံတော်ရွှေသီးဖို့၊ နိုင်ငံတော်ဖွံ့ဖြိုးဖို့၊ နိုင်ငံတော်သာယာဖို့ဖြစ်သည်။

**စီးပွားရေးအရနှင့် နိုင်ငံရေးအရ ပိတ်ဆို့မှုများ ဖြတ်ကျော်...**

နိုင်ငံတစ်နိုင်ငံ၏ ဘက်စုံကဏ္ဍစုံတို့ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုသည် အစဉ်အမြဲ ဖြောင့်ဖြူးသည်တော့ မဟုတ်။ "မိမိတို့နိုင်ငံအပေါ် အချို့နိုင်ငံများက စီးပွားရေးအရနှင့် နိုင်ငံရေးအရ ပိတ်ဆို့မှုများရှိနေသောကြောင့် ထိုက်သင့်သလောက် တိုးတက်မှုမရရှိဘဲ နှောင့်နှေးနေရခြင်းဖြစ်ကြောင်း" ဩဂုတ်လ ၂၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်သာယာရေး၊ ငြိမ်းချမ်းရေးကိစ္စတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် အိမ်နီးချင်းနိုင်ငံများ၏ ပထဝီနိုင်ငံရေးအရ အရေးပါမှု၊ ထိုနိုင်ငံတို့၏ လူမှုဘဝဖွံ့ဖြိုးမှု၊ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုတို့ကို သိရှိနားလည်ကြရန် လိုအပ်ပါသည်။ နှစ်နိုင်ငံအကျိုးတူရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ အားသာချက်များနှင့် မိမိတို့နိုင်ငံ၏ အားသာချက်များကိုပေါင်းစပ်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခြင်းဖြစ်သည်။

**သိပ္ပံအရာတွင်...**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့သည် သိပ္ပံအရာတွင် ရှေ့တန်းမှရောက်ရှိနေကြသည်။ အဏုမြူစွမ်းအင်ရရှိရေး၊ ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်ကို ထုတ်လုပ်သုံးစွဲနိုင်ကြသည်။ လကမ္ဘာသို့လည်း လူမဲ့လေ့လာရေးယာဉ်များကို အောင်မြင်စွာ လွှတ်တင်နိုင်ကြသည်။ သို့ဖြစ်ရာ ထိုနိုင်ငံကြီးသုံးနိုင်ငံနှင့် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မိမိနိုင်ငံ၏ ပကတိလိုအပ်ချက်ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပို၍မြင့်သထက် မြင့်မားလာနိုင်မည်။ မကြာမီဖြစ်လာမည့် ရွှေပြည်သစ်ကို တကယ်လုပ်အဟုတ်ဖြစ်ရန် အတူတကွ တည်ထောင်ကြဖို့ဖြစ်ပေသည်။

မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းသည်မှာ ၁၅ နှစ်တာကာလမျှသာရှိရာ ဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်၏ အကြီးအကဲ တာဝန်ရှိသူများက အဓိကဆောင်ရွက်နေကြသည်သာမက လူငယ်များက လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၁၆ ကို ကျင်းပကာ

(က) မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်။

(ခ) မိမိကွန်ရက်ကို ခိုင်မာအောင်ဖွဲ့စည်းမည်။

(ဂ) မိမိဒေသကို ငြိမ်းချမ်းအောင် ပံ့ပိုးမည်။

(ဃ) မိမိနိုင်ငံအတွက် ကောင်းအောင်ကြိုးစားမည်ဟု လူငယ်များက သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြသည်မှာ လွန်စွာအားရစရာဖြစ်သည်။

သို့ဖြစ်ရာ လူငယ်ထုသည်လည်းကောင်း၊ အမျိုးသမီးထုသည်လည်းကောင်း စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပါလာလျှင် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အားကိုးအားထားနိုင်မည်ဖြစ်သည်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် စီးပွားရေးပညာများ တတ်ကျွမ်းလျှင် နိုင်ငံတော်ရွှေသီးနိုင်မည်၊ ဥပဒေပညာရပ်များ တတ်ကျွမ်းနားလည်ကြလျှင် တရားဥပဒေစိုးမိုးနိုင်မည်၊ သိပ္ပံနှင့် နည်းပညာတတ်ကျွမ်းလျှင် ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်ပါလိမ့်မည်၊ မြန်မာ့သမိုင်း ကမ္ဘာ့သမိုင်းကို ကောင်းစွာသိရှိနားလည်ပါလျှင် ဒုတိယံပိအမှားနှင့် ကင်းဝေးကြလိမ့်မည်၊ ပထဝီနိုင်ငံရေးကို စုံစမ်းလေ့လာအကဲခတ်ရင်း မိတ်ဖက်နိုင်ငံများနှင့် ပို၍နီးကပ်စွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်မည်၊ အနေးနှင့်အမြန် ရင်းနှီးမြှုပ်နှံကြလိမ့်မည်၊ မြန်မာတစ်မျိုးသားလုံးကမူ ဥစ္စာရင်လို၊ ဥစ္စာရင်ခဲဆိုသကဲ့သို့ ကဏ္ဍပေါင်းစုံတွင် အပတ်တကုတ် အားထုတ်နေကြရမည်၊ ရေမြေသယံဇာတ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်ကလည်း အားပေးလျက်ရှိရာ စိုက်ပျိုးရေး၊ သား၊ ငါး မွေးမြူရေးအပါအဝင် အသေးစား၊ အလတ်စားကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်။

**အရည်အသွေးမီ ပညာရေး**

(က) ၁၉၇၃ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အတန်းပညာမရှိသူမှာ နိုင်ငံလူဦးရေ၏ ၅၈ ဒသမ ၁၈ ရာခိုင်နှုန်း၊ ၁၉၈၃ ခုနှစ်တွင် ၄၁ ဒသမ ၀၉ ရာခိုင်နှုန်းရှိကြောင်း အံ့အားသင့်ဖွယ်သိရှိရသည်။ နိုင်ငံတကာတွင် အားလုံးအတွက် ပညာရေးကို ၁၉ ရာစုနှစ်ကုန်မှ ဆောင်ရွက်ခဲ့ကြသည်။ စက်မှုလယ်ယာကို အမေရိကန်တို့သည် ၁၈၉၀ ပြည့်နှစ်များတွင် တည်ထောင်နိုင်ခဲ့သည်။

(ခ) မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အတန်းပညာမရှိသူ ၅ ဒသမ ၆၇ ရာခိုင်နှုန်းသာရှိ၍ ရေးယခင်ကနှင့်နှိုင်းယှဉ်လျှင် တိုးတက်သည်ဟု ဆိုနိုင်သော်လည်း KG + 9 ပညာရေး ပြီးမြောက်အောင် ကြိုးပမ်းနေရဆဲဖြစ်သည်။ နိုင်ငံတော်အစိုးရက ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းတက်ရေးနှင့် အနည်းဆုံး အလယ်တန်းအဆင့် (KG+9) ပြီးမြောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တက်ညီလက်ညီ ဆောင်ရွက်ခြင်းဖြင့် ပညာရေးအခြေခံအုတ်မြစ်သည် တောင့်တင်းခိုင်မာလာမည်ဖြစ်သည်။

အခမဲ့ပညာရေးနည်းလမ်းဖြင့် ပညာရေးကို အားပေးနေသည်။ အားပေးသည်သာမက ပညာရေးရင်းနှီးမြှုပ်နှံမှုကို အားသွန်ခွန်စိုက် လုပ်ကြ၊ မိဘဆရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ ပညာရေးတာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရလိမ့်မည်။ ရေရှည်ဖွံ့ဖြိုး၍ ငြိမ်းချမ်းသာယာမှုရှိစေရန် အားနည်းချက်ဟုဆိုအပ်သော လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးနိမ့်ကျနေခြင်းကို မြင့်မားစေရန်၊ နိုင်ငံ့သားကောင်းဖြစ်လာစေရန် အရည်အသွေးမီပညာရေးကိုပေးရမည်။

ပညာဖြင့်ကြောင်းကျိုးတရားကိုသိရန် ပညာဗဟုသုတကြွယ်ဝရေး၊ မှန်မှားဝေဖန်နိုင်စွမ်းရှိရေး၊ မိမိဘဝနှင့် နိုင်ငံတော်၏အနာဂတ်ကို ထိန်းကျောင်းရာတွင် ပူးတွဲဆောင်ရွက်တတ်ရန်၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊ ထဲထဲဝင်ဝင်၊ ခြေခြေမြစ်မြစ် စဉ်းစားနိုင်ရန် အလျှော့အတင်း အပေးအယူမျှတသည့် အစွန်းနှစ်ဖက်ကင်းနိုင်သောစိတ်၊ တရားမျှတသောစိတ်၊ ကောင်းခြင်းမင်္ဂလာအဖြာဖြာကို ဖြန့်ဝေလိုသောစိတ်၊ ငြိမ်းချမ်းစွာ အတူလက်တွဲနေလိုသောစိတ်၊ ပြဿနာဟူသမျှကို ဖြေရှင်းလိုသောစိတ် ပေါက်ဖွားစေရန် အရည်အသွေးမီပညာရေးဖြင့် ဆောင်ကြဉ်းပေးနိုင်သည်။

စိတ်ထားမြင့်မြတ်သော မေတ္တာတရားရှိသည့် လူများ ဖြစ်သွားစေရမည်။ ရင့်ကျက်သည့် နိုင်ငံ့သားကောင်းများ၊ တွေးခေါ်မြော်မြင်တတ်သူ၊ ဒုစရိုက်ကင်းသူနိုင်ငံသားများ ဖြစ်သွားခြင်းအားဖြင့် ဒေသငြိမ်းချမ်းရေးကို အထောက်အကူပြုအားပေးရာရောက်မည်။

နိုင်ငံတစ်ခုကို ပို၍လုံခြုံအောင် ပညာရေးက ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းမှုများကို ကိုယ်တိုင်ရှာဖွေနိုင်စွမ်းရှိလာမည်။ မြင့်မားသောကျွမ်းကျင်မှုများဖြင့် ကုန်ထုတ်လုပ်ငန်းများ စိုက်ပျိုးရေးနယ်ပယ်များတွင် တိုးတက်လာမည်ဖြစ်သည်။ ကမ္ဘာကြီးပူနွေးခြင်း၊ ပုံမမှန်ရာသီဥတုဖြစ်ပေါ်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း မကြာခဏတိုက်ခတ်ခြင်း၊ တောမီးများလောင်ခြင်း ဘေးအန္တရာယ်မှ ကာကွယ်ရာတွင် ကမ္ဘာ့အရပ်ရပ်စံနှုန်းမှာ အသက် ၁၁ နှစ်နှင့် အသက် ၆၀ ရှိ အမျိုးသား အမျိုးသမီးတိုင်း တစ်နှစ် သစ်ပင် နှစ်ပင်စိုက်ကြခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းနိုင်ပါသည်။

ကောင်းပါပြီ၊ အတိတ်သမိုင်းကြောင်းတွင် တွေ့ကြုံခဲ့သည်များက သင်ခန်းစာများဖြစ်သည်။ ပစ္စုပ္ပန်တည့်တည့်ရှု၍ ပြုကြရမည်တို့မှာ -

- ■ နိုင်ငံတော်ရွှေသီးဖို့ ကြွယ်ဝချမ်းသာဖို့ စီးပွားရေးဖွံ့ဖြိုးရန်
- ■ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးခြင်းဖြင့် ပညာတတ်အရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရန်
- ■ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ကို ထိန်းကြရန်ဖြစ်ပါကြောင်း တကယ်လုပ် အဟုတ်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**"သို့ဖြစ်ရာ လူငယ်ထုသည်လည်းကောင်း၊ အမျိုးသမီးထုသည်လည်းကောင်း စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပါလာလျှင် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အားကိုးအားထားနိုင်မည်ဖြစ်သည်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် စီးပွားရေးပညာများ တတ်ကျွမ်းလျှင် နိုင်ငံတော်ရွှေသီးနိုင်မည်၊ ဥပဒေပညာရပ်များ တတ်ကျွမ်းနားလည်ကြလျှင် တရားဥပဒေစိုးမိုးနိုင်မည်၊ သိပ္ပံနှင့် နည်းပညာတတ်ကျွမ်းလျှင် ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်ပါလိမ့်မည်၊ မြန်မာ့သမိုင်း ကမ္ဘာ့သမိုင်းကို ကောင်းစွာသိရှိနားလည်ပါလျှင် ဒုတိယံပိအမှားနှင့် ကင်းဝေးကြလိမ့်မည်"**

## ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၈၁)နှစ်မြောက်အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၂**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၈၁)နှစ်မြောက်အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Melia Hotel ရှိ Grand Ballroom ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ညှော့်သည်တော်များအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်သည်။




ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၈၁)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ညှော့်သည်တော်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော့်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ညှော့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှား-အာဆီယံ စီးပွားရေးကောင်စီ အမှုဆောင်အတွင်းရေးမှူးချုပ် မစ္စတာ ဆာမတ် ဆတ်ဖော်လ်ဒီနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် စက်တင်ဘာ ၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိ အဆောက်အအုံ၌ ရုရှား-အာဆီယံ စီးပွားရေးကောင်စီအမှုဆောင်အတွင်းရေးမှူးချုပ် မစ္စတာ ဆာမတ် ဆတ်ဖော်လ်ဒီနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် အာဆီယံနှင့် ရုရှားနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရာတွင် အချက်အချာနေရာတွင်တည်ရှိသည့် မြန်မာနိုင်ငံကို ရွေးချယ်ပြီး ဆက်လက် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ ရုရှားနှင့် မြန်မာနိုင်ငံတို့အကြား လျှပ်စစ်စွမ်းအားနှင့် စွမ်းအင်ဆိုင်ရာကိစ္စရပ်များတွင် နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ စက်မှုကဏ္ဍတွင် နည်းပညာမြင့် Robotic ဆိုင်ရာလုပ်ငန်းများနှင့် ဒီဂျစ်တယ်နည်းပညာသုံးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားနိုင်ရေး၊ ဒီဂျစ်တယ်နည်းပညာဖြင့် ဘဏ်လုပ်ငန်း၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ Online ကုန်သွယ်မှုလုပ်ငန်းကဏ္ဍနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်ရေးနှင့် လူမှုစီးပွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များတွင် ရင်းနှီးမြှုပ်နှံသွားနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိ အဆောက်အအုံ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ RADIO SPUTNIk နှင့် တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘီးလင်းမြို့နယ် အမှတ်(၂၂) အကြီးစားစက်ရုံ(ဘီးလင်း)မှ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တာယာများ ထုတ်လုပ်လျက်ရှိ

**မော်လမြိုင် စက်တင်ဘာ ၂**

ဘီးလင်းမြို့နယ်ရှိ အမှတ်(၂၂) အကြီးစားစက်ရုံ(ဘီးလင်း) မှ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တာယာ အမျိုးအစားအလိုက် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**မှာကြား**

အဆိုပါ စက်ရုံသို့ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သဘာဝရော်ဘာထွက်ရှိသည့် အဓိကပြည်နယ်တစ်ခုဖြစ်သည်နှင့်အမျှ တန်ဖိုးမြှင့်ကုန်ချောများ ပိုမိုထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်လိုက်သည့်တာယာများ၏ အရည်အသွေး ကောင်းမွန်မှန်ကန်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးအတွက် တာဝန်ရှိသူများ အနေဖြင့် ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့ပြင် ဘီးလင်းသကြားစက်ရုံသို့ရောက်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ်က စက်ရုံရပ်နားထားစဉ်ကာလအတွင်း စက်ပစ္စည်းများ ရေရှည်ကြံ့ခိုင်မှုရှိစေရန် စနစ်တကျ ထိန်းသိမ်းရန်လိုအပ်ကြောင်း မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဘီးလင်းမြို့ သာသနာ့ဗိမာန်၌ ရေဘေးရှောင်ပြည်သူများအား တွေ့ဆုံ၍အခြေခံစားသောက်ကုန်နှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့၊ အလှူရှင်များက လှူဒါန်းသော ဆန်ရိက္ခာ၊ အလှူငွေနှင့်စားသောက်စရာများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာအုပ်စု ကွင်းအမှတ် (၂၆၇+၂၆၇ က) တွင် ဇုတ်သုတ် စက်မှုဇုန်ဖော်ဆောင်မည့်မြေနေရာသို့ ရောက်ရှိပြီး မူလစားကျက်မြေ၊ ဇုတ်သုတ်စက်မှုဇုန်မြေ၊ ယခင်အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ နိုင်ငံတော်သို့ ပြန်လည်အပ်နှံသည့် မြေနေရာများ ရောနှောမှုမရှိစေရေး၊ ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲမှုရှိသည့် မြေနေရာ စနစ်တကျဖြစ်စေရေး အဆင့်ဆင့်စနစ်တကျ အမြန်အကောင်အထည်ဖော်ဆောင်ရွက်စေရေးမှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





## သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသောစိုက်ပျိုးရေးစနစ်စီမံကိန်းလုပ်ငန်းစဉ်များ ဆွေးနွေး

**ကော့ကရိတ် စက်တင်ဘာ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် သမဝါယမဦးစီးဌာနက သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ် (CBFP) စီမံကိန်းလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နီနီအောင်က လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်၍ဆောင်ရွက်နိုင်ရေး အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုချိုစန်းက သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသောစိုက်ပျိုးရေးစနစ် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❒ ကျောဖုံးမှ

ဗိုလ်လုပွဲပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထွန်းလူ၊ ဦးကျော်ထင်၊ ဒေါ်စန်းစန်းနွယ်၊ ဦးသိုက်စိုး၊ ဦးအေးကျော်၊ ဦးညီညီ (မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ)၊ အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်စွာစိုး၊ အားကစားရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်း(အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရောဝတီတိုင်းဒေသကြီး အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရာ မွန်ပြည်နယ်အသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ပိုက်ကျော်ခြင်း (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် အတိုးတက်ဆုံး အမျိုးသမီး အားကစားသမားဆုရရှိသည့် ရောဝတီတိုင်းဒေသကြီးအသင်းမှ ကျောနံပါတ်(၁) ဖြိုးစန္ဒာအောင်အား မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်စွာစိုးက လည်းကောင်း၊ အတိုးတက်ဆုံး အမျိုးသားအားကစားသမားဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းမှ ကျောနံပါတ်(၇) ဇင်မျိုးထက်အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုရရှိသည့် မွန်ပြည်နယ်အသင်းမှ ကျောနံပါတ်(၂) နန်းခိုင်သဇင်ဦးအား အားကစားရေးရာ ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က လည်းကောင်း ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရောဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးကလည်းကောင်း၊ အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က လည်းကောင်း၊ အမျိုးသမီး လေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့်ရောဝတီတိုင်းဒေသကြီး အသင်းနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က လည်းကောင်း၊ အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်း၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရွှေတံဆိပ် နှစ်ခုဖြင့် အမျိုးသမီး တံခွန်စိုက်ဆုဖလားရရှိသည့် မွန်ပြည်နယ်အသင်းအား လူငယ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်းကလည်းကောင်း၊ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ်တစ်ခုတို့ဖြင့် အမျိုးသား တံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်း ဒေသကြီးအသင်းအား မြန်မာနိုင်ငံအိုလံပစ် ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ကလည်းကောင်း တံခွန်စိုက် ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂**

ကျောင်းသားလူငယ်များ မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် မြန်မာနိုင်ငံတော်သမိုင်းနှင့် တပ်မတော်သမိုင်း အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှု၍ စိတ်ကို ကြည်လင်လန်းဆန်းစေပြီး ကျန်းမာသန်စွမ်းစွာ ပညာသင်ကြားနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) တပ်ကုန်းမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်း၊ ရဲဘော်သုံးကျိပ် သမိုင်း၊ ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။

ဆက်လက်၍ ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာများ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် အမြောက်များ၊တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော် လေယာဉ်များကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကိုမေးမြန်းကြရာ ပြခန်း တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြကြောင်း သိရသည်။

ထို့အပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ဆုအဖြစ် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

✻ **အသက် (၁၄) နှစ်အောက်မှ**

ဗိုလ်လုပွဲစဉ်အဖြစ် အထက (၁) ဇေယျာသီရိ အသင်းနှင့် အထက (မင်းကုန်း)အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးရာ ပြိုင်ပွဲတွင် အထက(၁) ဇေယျာသီရိအသင်းက သုံးဂိုး – ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ U–14 Boys Royal D Cup 2026 ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အသင်းများအား ဂုဏ်ပြုဆုနှင့် ပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံး အားကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု ရရှိသူများအား ငွေသားဆုနှင့် ဆုတံဆိပ်များကို လည်းကောင်း၊ တတိယဆုနှင့် တတိယဆုရ ကိုယ်စားပြုကျောင်းအသင်း၊ ဒုတိယဆုနှင့် ဒုတိယဆုရ ကိုယ်စားပြုကျောင်းအသင်းအား ဆုတံဆိပ်၊ ငွေသားနှင့် ဆုဖလားကိုလည်းကောင်း နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသည့် အထက (၁) ဇေယျာသီရိ အသင်းအားဆုတံဆိပ်၊ ငွေသားနှင့် တံခွန်စိုက်ဒိုင်းဆုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

## အောင်လံမြို့နယ်၌ မိုးရာသီ အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**အောင်လံ စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ၂၀၂၆ ခုနှစ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား မိုးရာသီ အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။




ဦးစွာ ဗိုလ်လုပွဲကို တရော်ကုန်းအသင်းနှင့် ဒုရင်္ဂဗိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တရော်ကုန်းအသင်းက ဒုရင်္ဂဗိုလ်အသင်းကို ငါးဂိုး – တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များက အသင်းအလိုက် ပထမဆုရရှိသည့် တရော်ကုန်း အသင်း၊ ဒုတိယဆုရရှိသည့် ဒုရင်္ဂဗိုလ်အသင်း၊ တတိယဆုရရှိသည့် မိုးဖုံးအသင်းတို့အား ဆုဖလားနှင့် ငွေသားဆုများ၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဆုရ အားကစားသမားများအား ဂုဏ်ပြုဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

❍ **MFF မှ**

Pacific Sun Far အသင်းသည် ပထမအကျော့ နောက်ဆုံးပွဲတွင် YCDC Dream Team အသင်းကို ဂိုးပြတ်အနိုင်ယူပြီး ပထမအကျော့ပွဲအားလုံး အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၁၁) တွင် Royal Noka အသင်းက United City အသင်းကို ခြောက်ဂိုး–သုံးဂိုး၊ MIU အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ၁၄ ဂိုး–တစ်ဂိုး၊ Pacific Sun Far အသင်းက YCDC Dream Team အသင်းကို ခြောက်ဂိုး–နှစ်ဂိုး၊ ULAD အသင်းက JV အသင်းကို ခုနစ်ဂိုး–နှစ်ဂိုး၊ YRG အသင်းက Gold Dream အသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး Burmese Warriors အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ သုံးဂိုးစီသရေကျခဲ့သည်။

ပထမအကျော့အပြီးတွင် Pacific Sun Far အသင်းက ၃၃ မှတ်ဖြင့် ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး MIU အသင်းနှင့် YRG အသင်းက ၂၈ မှတ်စီ၊ YCDC Dream Team အသင်းက ၂၂ မှတ်၊ ULAD အသင်းက ၂၁ မှတ်၊ Gold Dream အသင်းက ၁၈ မှတ်၊ JV အသင်းက ၁၆ မှတ်၊ United City အသင်းနှင့် Royal Noka အသင်းက ကိုးမှတ်စီ၊ ရွှေပြည်သာယူနိုက်တက်အသင်းက လေးမှတ်၊ မင်္ဂလာဒုံစီးတီးအသင်းက သုံးမှတ်၊ Burmese Warriors အသင်းက တစ်မှတ်ရရှိထားသည်။

**သတင်း–ရှိုင်းထက်ဇော်**
**ဓာတ်ပုံ–MFF**

# ဝေါင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ဧောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ဧောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ဧောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆) နှင့် (၁၁/၇) ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ဧောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက်နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် မူလ ပန်းတာ တာမိုင် (၁၁/၆)နှင့် (၁၁/၇) ကြား Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ တာမိုင် (၁၁/၅)နှင့် (၁၁/၆) ကြား ယာယီပန်းတာပြုလုပ်ခြင်းတွင် တာတစ်လျှောက်ရှိ မြေပျော့များဖယ်ရှားခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက် အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက် ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် စက်တင်ဘာ ၂

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ် ရေကာတာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများ အတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ သေိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ နှစ်လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခုနစ်ပေ နှစ်လက်မခန့်သာ ကျန်ရှိတော့သဖြင့် သုံးပေ လေးလက်မခန့် ဆက်လက် ကျဆင်းသွားခဲ့ကြောင်း၊ ကျောင်းကုန်း မြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ခုနစ်ပေ တစ်လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခြောက်ပေ ရှစ်လက်မခန့်သာကျန်ရှိသဖြင့် ငါးလက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါဒေသရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့ရွာများမှ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ ဘုန်းတော်ကြီး ကျောင်းများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သား များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှား ရှင်းလင်းပေးခြင်း၊ ရေဘေးသင့်ပြည်သူ များအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေး ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်း တို့ကို ဆက်လက်ဆောင်ရွက်ပေးလျက် ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှု ကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်း များအတွင်း သဲအိတ်များဖြည့်၍ကာကွယ် ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာ များ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန် အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက် ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို အနောက် တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ က သွားရောက်ကြည့်ရှုပြီး လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပုသိမ်မြို့၌ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်း

ပုသိမ် စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် မိုးရာသီကာလ၌ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ယနေ့နံနက်ပိုင်းက ဈေးချောင်း ချောင်းလက်တက်အား ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခဲ့သည်။

ပုသိမ်မြို့နယ်အတွင်း ရေးစီးရေလာကောင်းမွန်၍ မြို့သန့်ရှင်း သာယာမှုရှိစေရေး၊ ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်၍ သန့်ရှင်းသပ်ရပ်ပြီး အနံ့ဆိုးများကင်းဝေးစေရေးတို့အတွက် မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်စီမံမှုဖြင့်အရှည်ပေ ၄၀၀၊ အကျယ်ပေ ၂၀ ခန့်ရှိသော ဈေးချောင်း ချောင်းလက်တက်အား ရေစီးရေလာကောင်းမွန်စေရေး ဖော်ထုတ်ရှင်းလင်းကာ ထွက်ရှိလာ သောအမှိုက်များအားလုံးကို မြို့စည်ပင်သာယာအဖွဲ့ပိုင် ယာဉ်များဖြင့် စနစ်တကျ သိမ်းဆည်းပေးနေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**



# ကလေးမြို့နယ် ဖောင်ကူးကျေးရွာနှင့် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး



နေပြည်တော် စက်တင်ဘာ ၂

စစ်ကိုင်းတိုင်း ဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ယခု ရက်ပိုင်းအတွင်း အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းမှုများ ကြောင့် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေး မြို့နယ်ရှိ နရဥ္စရာချောင်းမှ ချောင်းရေလျှံခြင်းများ ဖြစ်ပေါ်ပြီး ဖောင်ကူးကျေးရွာ အတွင်း ရုတ်တရက် ချောင်းရေများ ဝင်ရောက်မှု ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် အဆိုပါကျေးရွာမှ ဒေသခံပြည်သူများအား ရေဘေး လွတ်ရာသို့ ပြောင်းရွှေ့နေထိုင် နိုင်ရန်အတွက် အနောက်မြောက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေး အသင်းအဖွဲ့များနှင့် ဒေသခံ ပြည်သူများပူးပေါင်း၍ ရေဘေး သင့်ပြည်သူများကို ကလေးမြို့ မြို့တော်ခန်းမနှင့် အမှတ်(၃) အခြေခံပညာ အထက်တန်း ကျောင်းတို့၌ယာယီရေဘေးရှောင် စခန်းများဖွင့်လှစ်၍ ရွှေ့ပြောင်း ပေးလျက်ရှိပြီး စားသောက်ဖွယ် ရာများ ထောက်ပံ့ပေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း တို့ကို ကူညီဆောင်ရွက်ပေးလျက် ရှိသည်။

ထို့ပြင် ချင်းပြည်နယ် တီးတိန် မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယနေ့မွန်းလွဲ ပိုင်းတွင် ခိုင်ကမ်းမြို့ရှိ ဆည်ကြီး ချောင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ပြီး ရေတိုက်စား၍ ချောင်းကမ်းပါး ပြိုကျကာ အမှတ်(၁)ရပ်ကွက်ရှိ ခရစ်ယာန် ဘုရားရှိခိုးကျောင်းနှင့် ၎င်းအနီးရှိ နေအိမ်တစ်လုံး ရေစီး နှင့် မျောပါသွားခဲ့ကြောင်း သိရ သည်။ အဆိုပါ ချောင်းရေကြီးမှု ကြောင့် ခိုင်ကမ်းမြို့ပေါ်ရပ်ကွက် များအတွင်းသို့ ရေဝင်ရောက်မှု မရှိကြောင်း၊ လူ၊ တိရစ္ဆာန် သေဆုံးထိခိုက်မှု မရှိကြောင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ် ရေးလုပ်ငန်းများ ချက်ချင်း ဆောင်ရွက်နိုင်ရန် အတွက် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှု ကူညီရေးအဖွဲ့များက စနစ်တကျ စုဖွဲ့စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဒီဂျစ်တယ်ထောင်ချောက်နှင့် သောကြာနေ့ညနေခင်း

မောင်ဖိုးသား

ရန်ကုန်မြို့၏ မိုးဖွဲဖွဲရွာသွန်းနေသော သောကြာနေ့ ညနေခင်းအချိန်ဖြစ်သည်။ ရုံးဆင်းချိန် နီးကပ်လာပြီဖြစ်သော်လည်း ရုံးခန်းကျယ်ကြီးအတွင်း၌မူ အလုပ်လုပ်နေကြသော ကီးဘုတ်ခေါက်သံများ၊ စာရွက်စာတမ်းလှန်လှောသံများနှင့် ဖုန်းပြောသံများဖြင့် အသက်ဝင်လှုပ်ရှားနေဆဲဖြစ်သည်။ ပြတင်းပေါက်မှန်ပြင်ထက်တွင် မိုးပေါက်များ တွဲခိုနေပြီး အပြင်ဘက်မှ မှိုင်းညို့ညို့ကောင်းကင်ကြီးက ရုံးတွင်းရှိ အလုပ်များနေသူများကို ပို၍ပင် မွန်းကျပ်စေသည့်နှယ် ရှိသည်။

> ❖ **တကယ်လို့ မသင်္ကာစရာ ဖုန်းခေါ်တာ၊ စာတို၊ မက်ဆေ့ချ်တွေ ရလာရင် ချက်ချင်းမယုံနဲ့။ သက်ဆိုင်သူ ဒါမှမဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းရဲ့ တရားဝင်ဖုန်းနံပါတ်၊ ဝက်ဘ်ဆိုက်၊ Page ကနေတစ်ဆင့် ပြန်ပြီး စစ်ကြည့်ပါ”။ “ဒါ့အပြင် ကိုယ်သုံးနေတဲ့ အကောင့်တွေရဲ့ Password တွေကို ခိုင်မာအောင်သတ်မှတ်ထားပြီး ပုံမှန်ပြောင်းပေးနေဖို့လည်းလိုတယ်”**
>
> ❖ **“အကောင့်လုံခြုံရေးအတွက် Two-Factor Authentication (2FA) လိုမျိုး လုံခြုံရေးစနစ်တွေကို မဖြစ်မနေသုံးပါ”။ “နောက်ပြီး အွန်လိုင်းကနေ ငွေမချေခင်ရောင်းတဲ့သူနဲ့ ဝန်ဆောင်မှုရဲ့ ယုံကြည်စိတ်ချရမှုကို သေချာစစ်ဆေးပါ”**

ထိုအထဲတွင် ဥပဒေနှင့် စည်းကမ်းထိန်းသိမ်းရေးဌာန (Legal and Compliance Department) မှ ဒုတိယမန်နေဂျာ မောင်ဖိုးသား တစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ သူက လာမည့်အပတ်အတွက် အရေးကြီးသော လုပ်ငန်းကန်ထရိုက်စာချုပ်များကို စားပွဲပေါ်တွင် ဖြန့်ခင်းကာ မျက်မှန်ကို ပင့်တင်ရင်း သေချာစွာ စိစစ်ဖတ်ရှုနေလေသည်။ အလုပ်ထဲတွင် အာရုံစိုက်လွန်းလှသဖြင့် ဘေးနားမှ ဖြတ်သွားသော လုပ်ဖော်ကိုင်ဖက်များကိုပင် သတိမထားမိလောက်အောင် ဖြစ်နေသည်။

ထိုသို့တိတ်ဆိတ်ငြိမ်သက်စွာ အလုပ်လုပ်နေချိန်တွင် ရုံးခန်း၏ တစ်ဖက်ထောင့်ရှိ အက်ဒမင်အဖွဲ့ထံမှ ရုတ်တရက်ထွက်ပေါ်လာသော အသံကျယ်ကြီးတစ်ခုကြောင့် လူတိုင်း၏ အာရုံများ လွင့်စဉ်သွားခဲ့ရသည်။

“ဟာ... ဒုက္ခပါပဲဗျာ။ ကျွန်တော့်ရဲ့ ဘဏ်အကောင့်ကို ပိတ်တော့မယ်တဲ့။ ဘယ်လိုလုပ်ရမလဲ မသိတော့ဘူး...”

အသံရှင်မှာ အက်ဒမင်အဖွဲ့မှ ကိုညဏ်လင်း ဖြစ်သည်။ သူ၏ အလန့်တကြား အော်ဟစ်လိုက်သံကြောင့် ရုံးခန်းထဲရှိ လုပ်ဖော်ကိုင်ဖက်များအားလုံး သူတို့၏ ကွန်ပျူတာစခရင်များဆီမှ အာရုံလွှဲကာ သူ့ထံသို့ လှည့်ကြည့်မိသွားကြသည်။ မောင်ဖိုးသားသည်လည်း လက်ထဲမှ ဘောပင်ကိုချကာ စာရွက်များကို ခေတ္တဖယ်ထားလိုက်ပြီး နေရာမှထကာ ကိုညဏ်လင်း၏ စားပွဲဆီသို့ ဖြည်းညင်းစွာ လျှောက်သွားလိုက်သည်။ ကိုညဏ်လင်းမှာ သူ၏ လက်ကိုင်ဖုန်းစခရင်ကို ပြူးတူးကြောင်တောင်ဖြင့် စိုက်ကြည့်နေပြီး သူ၏ လက်ချောင်းများမှာလည်း အနည်းငယ်တုန်ယင်နေသည်ကို သတိထားမိလိုက်သည်။

“ဘာဖြစ်လို့လဲ ကိုညဏ်လင်း။ ဘာတွေ ဒီလောက်တောင် အလန့်တကြား ဖြစ်နေရတာလဲ” ဟု မောင်ဖိုးသားက တည်ငြိမ်သောအသံဖြင့် မေးမြန်းလိုက်သည်။

ကိုညဏ်လင်းက သူ၏ဖုန်းစခရင်ကိုမောင်ဖိုးသား၏ မျက်နှာရှေ့သို့ ထိုးပြရင်း စိုးရိမ်တကြီးဖြင့် ရှင်းပြလေသည်။

“ဒီမှာကြည့်ပါဦး အစ်ကိုရာ။ ကျွန်တော့်ရဲ့ ဘဏ်အကောင့်ထဲကို သံသယဖြစ်ဖွယ် ဝင်ရောက်မှု ရှိနေလို့ ချက်ချင်းအတည်ပြုမပေးဘူးဆိုရင် နောက်ထပ် ၁၅ မိနစ်နေရင် အကောင့်ကို အပြီးအပိုင် ရပ်ဆိုင်းပစ်မယ်ဆိုပြီး Viber ကနေ စာဝင်လာတယ်။ အောက်မှာလည်း ဝင်ပြီး ဖြေရှင်းဖို့ Link တစ်ခု ပါလာတယ်။ အကောင့်ထဲမှာက ကျွန်တော့်ရဲ့ လစာငွေတွေ အကုန်ရှိသေးတာ။ ကျွန်တော် မြန်မြန်လေး အဲဒီလင့်ခ်ထဲဝင်ပြီး အတည်ပြုလိုက်ဦးမယ်”

ကိုညဏ်လင်းက ပြောပြောဆိုဆိုဖြင့် ဖုန်းစခရင်ပေါ်ရှိ ပြာနှမ်းနှမ်း လင့်ခ်စာကြောင်းလေးကို နှိပ်ရန် လက်ညှိုးရွယ်လိုက်သည်။ ထိုခဏတွင် မောင်ဖိုးသားက ကိုညဏ်လင်း၏လက်ကောက်ဝတ်ကို လှမ်းဖမ်းလိုက်ပြီး ပြတ်သားစွာ တားမြစ်လိုက်သည်။

“နေဦး... ရပ်လိုက်စမ်း ကိုညဏ်လင်း။ မသိတဲ့ Link တွေကို အလွယ်တကူမနှိပ်ပါနဲ့”ဟု မောင်ဖိုးသားက လေသံမာမာဖြင့် သတိပေးလိုက်သည်။ ထို့နောက် ဖုန်းကို ကိုညဏ်လင်း၏ လက်ထဲမှ လှမ်းယူကာ ဝင်လာသော စာတိုကို သေချာစွာ စစ်ဆေးကြည့်လိုက်သည်။

“မင်း ကံကောင်းသွားတယ် ကိုညဏ်လင်း။ ဒါ မင်းကို လိမ်ဖို့ ထောင်ချောက်ဆင်နေတာ။ လာ... ငါတို့ နားနေခန်းထဲ ခဏသွားရအောင်။ ဒီအကြောင်းတွေကို မင်းသေချာသိထားမှရမယ်။ မဟုတ်ရင် တစ်နေ့ မင်းရဲ့ပိုက်ဆံတွေ အကုန်ပါသွားလိမ့်မယ်” ဟုဆိုကာ ကိုညဏ်လင်း၏ ပခုံးကိုဖက်၍ နားနေခန်းဆီသို့ ခေါ်ဆောင်သွားလေသည်။

နားနေခန်းထဲသို့ ရောက်သောအခါ ကော်ဖီဖျော်နေသည့် မမသန္တာက သူတို့နှစ်ဦးကို အကဲခတ်သလို ကြည့်နေသည်။ ကိုညဏ်လင်းမှာမူ မျက်နှာငယ်လေးဖြင့် ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်သည်။ မောင်ဖိုးသားက ကော်ဖီပူပူတစ်ခွက်ကို ယူသောက်လိုက်ရင်း စိတ်အေးလက်အေးဖြစ်စေရန် စကားစတင်လိုက်သည်။

“မင်း သေသေချာချာ စဉ်းစားကြည့်စမ်း ကိုညဏ်လင်း။ အခုခေတ်က ဒီဂျစ်တယ်နည်းပညာတွေ တိုးတက်လာတာနဲ့အမျှပေါ့ကွာ... အင်တာနက်၊ မိုဘိုင်းဖုန်းတစ်လုံးရှိရုံနဲ့ ဆက်သွယ်တာ၊ ငွေလွှဲငွေထုတ်လုပ်တာ၊ အွန်လိုင်းကနေ ဈေးဝယ်တာနဲ့ ဝန်ဆောင်မှုအမျိုးမျိုးကို ငါတို့တွေ အလွယ်တကူ သုံးနိုင်လာကြတယ်လေ”ဟု သူက ပတ်ဝန်းကျင်အခြေအနေကို အရင်ရှင်းပြသည်။

“ဒါပေမဲ့ ပြဿနာက အဲဒီလိုအဆင်ပြေလွယ်ကူလာတာနဲ့အမျှ ဆိုက်ဘာရာဇဝတ်မှုတွေနဲ့ အွန်လိုင်းလိမ်လည်မှုတွေကလည်း ပိုပြီးများလာတယ်”ဟု လေးနက်စွာဆက်ပြောသည်။

ကိုညဏ်လင်းက နားမလည်နိုင်သေးသည့်ဟန်ဖြင့် ခေါင်းကုတ်ရင်း “ဒါပေမဲ့ အစ်ကိုရာ... သူတို့က ဘယ်လိုလုပ်ပြီး ကျွန်တော့်အကောင့်ကို ပိတ်မယ်ဆိုတာ သိနေတာလဲ။ တကယ်များ ပိတ်သွားရင် ဒုက္ခပဲ” ဟု ထပ်မေးပြန်သည်။

မောင်ဖိုးသားက ပြုံးလိုက်ပြီး “သူတို့က မင်းရဲ့ အကောင့်အကြောင်းကို ဘာမှသိတာမဟုတ်ဘူးကွ။ ဒီလိမ်တဲ့သူတွေက နည်းပညာကိုသုံးပြီး လူတွေရဲ့ ကြောက်ရွံ့စိတ်၊ လောဘစိတ်နဲ့ အရေးပေါ်အခြေအနေကို အမြန်တုံ့ပြန်ချင်တဲ့ စိတ်ခံစားချက်တွေကို အခွင့်ကောင်းယူကြတာပဲ”ဟု ရှင်းပြသည်။

“အဲဒီလို စိတ်ပိုင်းဆိုင်ရာ အားနည်းချက်တွေကို သုံးပြီး ငွေကြေးတွေ၊ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေနဲ့ အရေးကြီးတဲ့ အကောင့်အချက်အလက်တွေကို ခိုးဖို့ ကြိုးစားလေ့ရှိကြတယ်လေ”

“အခု မင်းဆီကို ရောက်လာတာက အများဆုံးတွေ့ရတဲ့ အွန်လိုင်းလိမ်လည်မှုပုံစံတွေထဲက စာတို ဒါမှမဟုတ် Viber၊ Telegram တွေကနေတစ်ဆင့် လိမ်တဲ့ပုံစံပဲ” ဟု မောင်ဖိုးသားက ဆက်လက်ရှင်းလင်းသည်။

“ဒီကောင်တွေက ဘယ်လိုလုပ်လေ့ရှိသလဲဆိုတော့ ‘ဆုငွေကြီးပေါက်တယ်’၊ ‘ချေးငွေအတိုးနှုန်း သက်သက်သာသာ ရနိုင်တယ်’၊ ‘သင့်အကောင့်ကို ပိတ်သိမ်းတော့မှာမို့ ချက်ချင်းအတည်ပြုဖို့လိုတယ်’ ဆိုပြီး မက်ဆေ့ချ်တွေပို့ပြီး အတုအယောင်လင့်ခ်တွေကို နှိပ်ခိုင်းတတ်ကြတယ်”ဟု ဆိုကာ ကိုညဏ်လင်း၏ အခြေအနေနှင့် တိုက်ဆိုင်ပြသည်။

“အကယ်၍ မင်းသာ စောစောက အဲဒီလင့်ခ်တွေကို နှိပ်မိသွားရင် ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ ခိုးယူခံရတာ၊ အကောင့်တွေ ပျောက်ဆုံးတာနဲ့ ငွေကြေးဆုံးရှုံးတာတွေ ကြုံတွေ့ရနိုင်တယ်” ဟု အကျိုးဆက်ကို ရှင်းပြလိုက်သောအခါ ကိုညဏ်လင်းမှာ လန့်ဖျပ်သွားပြီး ရင်ဘတ်ကို ဖိကာ သက်ပြင်းချလိုက်လေသည်။

ထိုစဉ် ကော်ဖီခွက်ကို ကိုင်ကာ နားထောင်နေသော မမသန္တာကလည်း ဝင်ရောက်ဆွေးနွေးလာသည်။

“ဟုတ်တယ် ကိုညဏ်လင်းရေ။ မမဆိုရင် ပြီးခဲ့တဲ့ လကတင် ဖုန်းဆက်ပြီး အယောင်ဆောင်လိမ်တာမျိုး ကိုယ်တိုင်ကြုံလိုက်ရသေးတယ်” ဟု သူ၏အတွေ့အကြုံကို ဝေမျှလေသည်။ “သူတို့က ဘဏ်ဝန်ထမ်းတို့၊ အစိုးရဌာနတို့၊ ဝန်ဆောင်မှုပေးတဲ့ အဖွဲ့အစည်းတွေရဲ့ ဝန်ထမ်းအယောင်ဆောင်ပြီး ဖုန်းဆက်တာ” ဟု ဆိုသည်။

“ဖုန်းထဲမှာ သူတို့ပြောတဲ့ပုံစံက အလွန်ယုံချင်စရာကောင်းတယ်။ ‘သင့်အကောင့်ကို ပြန်ဖွင့်ပေးမယ်’၊ ‘အဆင့်မြှင့်ပေးမယ်’ ဆိုပြီး မမရဲ့ Password တွေ၊ PIN နံပါတ်တွေ၊ OTP ကုတ်တွေကို တောင်းကြတာလေ” ဟု ၎င်းက ရင်ခုန်စွာဖြင့် ပြန်လည်ပြောပြသည်။

မောင်ဖိုးသားက ခေါင်းညိတ်ထောက်ခံရင်း “မမသန္တာပြောတာ အလွန်မှန်ပါတယ်။ အမြဲတမ်း သတိထားရမယ့်အချက်က တရားဝင်ဘဏ်တွေနဲ့ ဝန်ဆောင်မှုအဖွဲ့အစည်းတွေက သုံးစွဲသူရဲ့ Password၊ PIN နဲ့ OTP တွေကို ဖုန်းကနေ ဘယ်တော့မှမတောင်းဘူး”ဟုအလေးအနက်ထား၍ ပြောကြားလိုက်သည်။

“ဒါ့အပြင် လူမှုကွန်ရက်တွေကနေတစ်ဆင့် လိမ်တာတွေလည်း အများကြီးရှိသေးတယ်” ဟု မောင်ဖိုးသားက ဆက်လက်ဆွေးနွေးသည်။

“ဖေ့စ်ဘွတ်၊ ဖိုက်ဘာ၊ တယ်လီဂရမ်လို လူမှုကွန်ရက်တွေပေါ်မှာ လူသိများတဲ့ကုမ္ပဏီတွေရဲ့ Page အတုတွေ ဖန်တီး၊ ပစ္စည်းတွေကို ဈေးအတော်များများ လျှော့ပြီး ရောင်းချချင်ယောင်ဆောင်တာတွေ၊ အလုပ်အကိုင်ကောင်းတွေ ရနိုင်တယ်ဆိုပြီး ကြော်ငြာယောင်ဆောင်တာတွေနဲ့ လိမ်ကြတာ” ဟု ဆိုသည်။

“အဆိုးဆုံးက ပစ္စည်းဖိုး ငွေကြိုလွှဲခိုင်းပြီးတာနဲ့ Page ကို ပိတ်လိုက်တာ၊ ဆက်သွယ်လို့ မရတော့တာတွေ မကြာခဏဖြစ်တတ်တယ်” ဟု မျက်မှောက်ခေတ်တွင် အဖြစ်များနေသောပြဿနာကိုထောက်ပြသည်။

“နောက်ထပ်သတိထားရမယ့် တစ်ချက်ကတော့ အကောင့်အတုနဲ့ လိမ်တာပဲ”။ “လိမ်တဲ့သူတွေက လူတစ်ယောက်ယောက်၊ အဖွဲ့အစည်းတစ်ခုခု ဒါမှမဟုတ် နာမည်ကြီးတဲ့သူတွေရဲ့ ဓာတ်ပုံနဲ့ နာမည်တွေကိုသုံးပြီး အကောင့်အတုတွေ ဖန်တီးကြတယ်။ အဲဒီနောက် ယုံကြည်မှုရယူပြီး ငွေကြေးအကူအညီတောင်းတာတွေ၊ ကိုယ်ရေးအချက်အလက်တွေ တောင်းတာတွေနဲ့ တခြားလိမ်လည်မှုတွေ လုပ်တတ်ကြတယ်”ဟု သူ၏ဥပဒေပိုင်းဆိုင်ရာ အသိပညာများကိုပါ ပေါင်းစပ်ကာ ပြည့်စုံစွာ ရှင်းပြလေသည်။

ကိုညဏ်လင်းမှာ ထိုစကားများကို ကြားပြီးနောက် ပို၍ပင် စိုးရိမ်စိတ်ဝင်လာကာ “ဒါဆိုရင် ကျွန်တော်တို့က လိမ်တဲ့သူတွေကို ဘယ်လိုခွဲခြားသိနိုင်မလဲ။ ဘယ်အချက်တွေကို အထူးသတိထားသင့်သလဲ အစ်ကို”ဟု မေးမြန်းလာသည်။

မောင်ဖိုးသားက ကော်ဖီခွက်ကို စားပွဲပေါ်တင်လိုက်ပြီး ကိုညဏ်လင်း၏ မျက်နှာကို တည့်တည့်ကြည့်ကာ စကားပြန်ဆိုသည်။

“လိမ်တဲ့သူတွေက လူတွေကို အလွယ်တကူ ယုံကြည်သွားအောင်၊ အလျင်စလို ဆုံးဖြတ်သွားအောင် စိတ်ပိုင်းဆိုင်ရာ နည်းလမ်းတွေကို သုံးလေ့ရှိကြတယ်”ဟု ရှင်းပြသည်။ “အခု ငါပြောမယ့် အခြေအနေတွေ ကြုံလာပြီဆိုရင် လိမ်လည်မှုဖြစ်နိုင်ခြေများတဲ့ လက္ခဏာတွေမို့ အထူးသတိထားသင့်တယ်”ဟု ဆိုကာ အဓိက အချက်သုံးချက်ကို တစ်ခုချင်းစီ ထောက်ပြရှင်းလင်းလေသည်။

“ပထမဆုံး သတိထားရမယ့်အချက်က ချက်ချင်းလုပ်ဖို့ ဖိအားပေးတာပဲ။ ‘အခုချက်ချင်း ငွေလွှဲရမယ်၊ မဟုတ်ရင် အကောင့်ပိတ်မယ်’၊ ‘ဒီနေ့ပဲ အခွင့်အရေးရှိတယ်’ဆိုတဲ့ စကားတွေနဲ့ စဉ်းစားချိန်မပေးဘဲ အမြန်လုပ်ဖို့ ဖိအားပေးလာတာက လိမ်လည်မှုတစ်ခု ဖြစ်နိုင်တယ်”ဟု ဆိုသည်။

“ဒုတိယအချက်က လက်တွေ့မကျတဲ့ မက်လုံးတွေ ပေးတာဖြစ်တယ်”။ “အလုပ်မလုပ်ဘဲ ဝင်ငွေအများကြီးရမယ်လို့ ကတိပေးတာ၊ ကိုယ်မပါဝင်ထားတဲ့ ကံစမ်းမဲကနေ ဆုကြီးပေါက်တယ်လို့ ပြောတာ၊ ဈေးကွက်ပေါက်ဈေးထက် အလွန်သက်သာတဲ့ ဈေးတွေနဲ့ ရောင်းမယ်လို့ ကြော်ငြာတာတွေက သံသယထားပြီး စစ်ဆေးသင့်တဲ့ လက္ခဏာတွေပဲ” ဟု သတိပေးသည်။

“တတိယအချက်ကတော့ ကိုယ်ရေးကိုယ်တာနဲ့ လျှို့ဝှက်အချက်အလက်တွေ တောင်းခံတာပဲ”။ “Password၊ PIN နံပါတ်၊ OTP ကုတ်၊ ဘဏ်အကောင့် အချက်အလက်တွေလို အရေးကြီးတဲ့ ကိုယ်ရေးအချက်အလက်တွေကို ဖုန်း၊ SMS၊ အီးမေးလ် ဒါမှမဟုတ် လူမှုကွန်ရက်တွေကနေ တောင်းခံလာရင် ဘယ်လိုအခြေအနေမျိုးမှာမှ မပေးသင့်ဘူး” ဟု ပြတ်ပြတ်သားသား မှာကြားလေသည်။

ကိုညဏ်လင်းက ခေါင်းကိုညိတ်ကာ နားထောင်နေရင်း “ဒါဆိုရင် အွန်လိုင်းလိမ်လည်မှုတွေကနေ ဘယ်လိုကာကွယ်ရမလဲဆိုတာကိုပါ တစ်ခါတည်း ပြောပြပေးပါလား အစ်ကို။ ကျွန်တော် ဘာတွေလုပ်သင့်ပြီး ဘာတွေကို ရှောင်ကြဉ်ရမလဲဆိုတာကို သေချာသိချင်လို့ပါ”ဟု တောင်းဆိုလာသည်။

စာမျက်နှာ ၁၁ သို့ ✡

# မြစ်ကြီးနားမြို့ ဝါဒူဆိုင်းပန်နှင့် စူပါဝမ်း MSME လုပ်ငန်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား စက်တင်ဘာ ၂**

ကချင်ပြည်နယ်သည် သယံဇာတပေါကြွယ်ဝပြီး တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်သော ပြည်နယ်တစ်ခုဖြစ်သည့်အတွက် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် ပြည်နယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ ရွေးကောက်တင်မြှောက်မည့် အဖွဲ့ဝင်သစ်များက မိမိတို့ပြည်နယ်အစိုးရအဖွဲ့နှင့် အတူ ပူးပေါင်း ဆောင်ရွက်မည်ဟု ယုံကြည်ပါကြောင်း ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ ရွှေပြည်စံ ခန်းမ၌ကျင်းပသည့် ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (KSCCI) ၏ ၂၀၂၆-၂၀၃၀ ခုနှစ် အတွက် အလုပ်အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြောကြားသည်။



အဆိုပါ ရွေးချယ်တင်မြှောက်ပွဲသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြသည်။

ဆက်လက်၍ အသင်း၏ ရွေးကောက်တင်မြှောက်ပွဲ ကျင်းပရေးကော်မတီအဖွဲ့ ခေါင်းဆောင် ဦးကျော်ငွေးက အသင်း၏လုပ်ငန်းဆောင်ရွက်မှု၊ ၂၀၂၆-၂၀၃၀ ခုနှစ် ငါးနှစ်တာအတွက် အလုပ်အမှုဆောင်အသစ်များ ရွေးချယ်နိုင်ရေး ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် ရွေးကောက်ခံရသော အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်များ၏ စာရင်းအား အတည်ပြုထုတ်ပြန်ခြင်း၊ အလုပ်အမှုဆောင် သစ်များကို မိတ်ဆက်ခြင်းနှင့် သက်တမ်းကုန် အလုပ်အမှုဆောင် အဖွဲ့များ တာဝန်မှ အနားယူကြောင်း ကြေညာခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး အသင်းဥက္ကဋ္ဌ အသစ် ဦးအားဖူရီမိလီ က မိတ်ဆက် စကားပြောကြားသည်။

ထို့ပြင် မြစ်ကြီးနားမြို့ တပ်ကုန်း (ကြာရာပတ္တီး-အေ) ရပ်ကွက်အတွင်း ပြည်နယ်အစိုးရအဖွဲ့က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ်သိန်း ၅၀၀ ရင်းနှီးမတည်မှုဖြင့် ဒေသထွက် သား/ငါးများအား အသင့်စား စားသောက်ကုန်များ အဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် WaDu Seng Pan ကချင်ရိုးရာ အသင့်စား စားသောက်ကုန် လုပ်ငန်း အလုပ်ရုံသို့ သွားရောက်ပြီး အလုပ်ရုံသစ်ဖွင့်လှစ်ထားရှိမှုနှင့် လုပ်ငန်းစတင်လည်ပတ်နေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းမှ ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနိုင်မှု အခြေအနေများ၊ ကုန်ကြမ်းရရှိမှု အခြေအနေများကို မေးမြန်းခဲ့ကြကာ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် မြစ်ကြီးနားမြို့ ရွှေညောင်ပင် ရပ်ကွက်အတွင်း ဒေသတွင်း နို့စားနွားများ မွေးမြူ၍ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိသော စူပါဝမ်းသမဝါယမအသင်း နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းသို့ သွားရောက်၍ နို့စားနွားများအား ခြံလှောင်စနစ်ဖြင့် စနစ်တကျမွေးမြူ၍ နွားနို့နှင့် နို့ထွက်ပစ္စည်း စားသောက်ကုန် ကုန်ချောအဆင့် ထုတ်လုပ်ရောင်းချနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းတိုးချဲ့နိုင်ရေးနှင့် နို့စားနွားမများ တိုးတက်မွေးမြူနိုင်ရေး အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ (စတုတ္ထနှစ်) စက်ဝန်းမှ ရင်းနှီးမတည်ပေးနိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီး မွေးမြူရေး အထောက်အကူပြု ဆေးဝါးပစ္စည်းများနှင့် နွားစာအိတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မလေးရှားထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရအနေဖြင့် မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်မှုကြောင့် ပြစ်ဒဏ်များ ကျခံခဲ့ပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများ၌ ထိန်းသိမ်းခံရကာ မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၀၈၆ ဦးကို လူသားချင်းစာနာထောက်ထားမှုအရ နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းကာ မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် ပထမဆုံးအကြိမ်အဖြစ် ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။

ယခုအခါ အလားတူ မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များ ကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစိစစ်ပြီးသူ ၁၄၇၆ ဦးအား ၂၀၂၆ ခုနှစ် ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်နိုင်ရန် မြန်မာအစိုးရအနေဖြင့် မလေးရှားအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

သို့ရာတွင် မလေးရှားနိုင်ငံဘက်မှ အထက်ပါနေ့ရက်များတွင် လာရောက်ခေါ်ဆောင်ရန် အဆင်ပြေမှု မရှိပါကြောင်းနှင့် စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ပြန်လည်စီစဉ်ရန် အဆိုပြုလာပါသဖြင့် မြန်မာအစိုးရသည် မလေးရှားနိုင်ငံဘက်မှ အဆိုပြုသည့်နေ့ရက်များတွင် ခရီးစဉ်အား ပြန်လည်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်ပရောက် မိမိနိုင်ငံသားများ၏ အရေးကိစ္စများကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိရာ ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲများနှင့် ဒုက္ခကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရေးတို့အတွက် သက်ဆိုင်ရာ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် လိုအပ်သော ကောင်စစ်ရေးရာ ကူညီစောင့်ရှောက်မှုများကို အစဉ်တစိုက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

✡ **စာမျက်နှာ ၁၀ မှ**

"ကောင်းပြီ။ အချက်အလက်တွေကို ကျက်မှတ်နေမယ့်အစား မင်းရဲ့ နေ့စဉ်အလေ့အကျင့်တစ်ခုလို မှတ်ထားလိုက်ပါ။ ကာကွယ်ဖို့ကတော့ PRI-FLOWS ကို သတိရပေါ့။"

PRI-FLOWS ဆိုတာက...

**P – Password (စကားဝှက်)**။ "စကားဝှက်တွေ သတ်မှတ်တဲ့အခါ လွယ်လွယ်ခန့်မှန်းလို့ရတာတွေ ရှောင်ပြီး ခိုင်ခိုင်မာမာလုပ်ထားဖို့လိုတယ်။"

**R – Regular check (ပုံမှန်စစ်ဆေးတာ)**။ "နောက်ပြီး ကိုယ့်ဘဏ်အကောင့်ထဲက ငွေအဝင်အထွက်တွေနဲ့ လူမှုကွန်ရက်တွေမှာ ဘယ်စက်တွေကနေ ဝင်ထားလဲဆိုတာကို အမြဲပုံမှန်လေး စစ်ဆေးနေဖို့ လိုတယ်နော်။"

**I – Inspection (သေချာကြည့်ရှုစစ်ဆေးတာ)**။ "အွန်လိုင်းကနေ ဝင်လာတဲ့ အီးမေးလ်တွေ၊ မက်ဆေ့ချ်တွေကို အပေါ်ယံပဲ ကြည့်မနေဘဲ တရားဝင် ဟုတ်မဟုတ် သေချာစစ်ဆေးဖို့လည်း လိုသေးတယ်။"

**F – File (ဖိုင် / အချက်အလက်များ)**။ "ကိုယ်သေချာမသိတဲ့ ဖိုင်တွေကို ဖုန်းထဲ ဒါမှမဟုတ် ကွန်ပျူတာထဲ လွယ်လွယ်နဲ့ ဒေါင်းလုဒ်မလုပ်မိဖို့ အရေးကြီးတယ်။ အဲဒီထဲမှာ ဗိုင်းရပ်စ်တွေ ပါလာတတ်လို့လေ။"

**L – Link (လင့်ခ်/ချိတ်ဆက်မှုများ)**။ "ဆုကြီးပေါက်တယ်တို့၊ အကောင့်ပိတ်မယ်ဆိုပြီး ခြောက်လှန့်တဲ့ မသင်္ကာစရာ လင့်ခ်မျိုးတွေကို ဆိုရှယ်မီဒီယာတွေကနေ ရလာရင် ဘယ်တော့မှ မနှိပ်ဖို့ အဓိကပဲ။"

**O – OTP (တစ်ကြိမ်သုံး စကားဝှက်)**။ "ဖုန်းထဲရောက်လာတဲ့ OTP ဂဏန်း ၆ လုံးက ကိုယ့်ရဲ့ နောက်ဆုံး ခံတပ်ပဲကွ။ ဘဏ်ဝန်ထမ်းအစစ်ကတောင် ဘယ်တော့မှ မတောင်းဘူးဆိုတော့ ဘယ်သူလာတောင်းတောင်း လုံးဝမပေးရဘူး။"

**W – Wifi (Public Wifi – အများသုံးဝိုင်ဖိုင်)**။ "ကော်ဖီဆိုင်တို့၊ လေဆိပ်တို့မှာ ပေးထားတဲ့အခမဲ့ Public Wifi တွေကို သုံးပြီး ဘဏ်အကောင့်ထဲ ဝင်တာမျိုးနဲ့ ငွေလွှဲတာမျိုးတွေ လုံးဝမလုပ်နဲ့၊ ဟက်ကာတွေ ဖြတ်ယူသွားနိုင်တယ်။"

**S – Share (မျှဝေတာကို သတိထားဖို့)**။ "ကိုယ်ရေးကိုယ်တာ အချက်အလက်တွေနဲ့ နေရပ်လိပ်စာတွေကို ဆိုရှယ်မီဒီယာပေါ်မှာ အလွန်အကျွံ မတင်မိဖို့လည်း သတိထားရမယ်လေ။"

"လုပ်သင့်တဲ့ အချက်တွေအနေနဲ့ဆိုရင်..." ဟု စကာ မောင်ဖိုးသားက ဆက်ပြီး အသေးစိတ် ပြောသည်။

"တကယ်လို့ မသင်္ကာစရာ ဖုန်းခေါ်တာ၊ စာတို၊ မက်ဆေ့ချ်တွေ ရလာရင် ချက်ချင်းမယုံနဲ့။ သက်ဆိုင်သူ ဒါမှမဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းရဲ့ တရားဝင် ဖုန်းနံပါတ်၊ ဝက်ဘ်ဆိုက်၊ Page ကနေတစ်ဆင့် ပြန်ပြီးစစ်ကြည့်ပါ" ဟု အကြံပေးသည်။ "ဒါ့အပြင် ကိုယ်သုံးနေတဲ့ အကောင့်တွေရဲ့ Password တွေကို ခိုင်မာအောင် သတ်မှတ်ထားပြီး ပုံမှန်ပြောင်းပေးနေဖို့လည်း လိုတယ်" ဟုလည်း ထပ်လောင်း ပြောကြားသည်။

"အကောင့်လုံခြုံရေးအတွက် Two-Factor Authentication (2FA) လိုမျိုး လုံခြုံရေးစနစ်တွေကို မဖြစ်မနေသုံးပါ"။ "နောက်ပြီး အွန်လိုင်းကနေ ငွေမချေခင် ရောင်းတဲ့သူနဲ့ ဝန်ဆောင်မှုရဲ့ ယုံကြည်စိတ်ချရမှုကို သေချာစစ်ဆေးပါ"ဟုဈေးဝယ်ရာတွင် သတိပြုရန်ကိုပါ ထည့်သွင်းပြောဆိုသည်။

"တကယ်လို့ မသင်္ကာစရာကိစ္စတွေ ကြုံလာရင် တစ်ယောက်တည်း ကျိတ်မဖြေရှင်းဘဲ မိသားစုဝင်တွေ၊ သူငယ်ချင်းတွေ ဒါမှမဟုတ် နည်းပညာနားလည်တဲ့သူတွေနဲ့ တိုင်ပင်ဆွေးနွေးပါ" ဟု လမ်းညွှန်ပေးသည်။

ကိုညဏ်လင်းမှာ သူ၏ဖုန်းကို ပြန်လည်ကြည့်ရှုရင်း "တော်ပါသေးရဲ့ အစ်ကိုရာ။ ကျွန်တော် လန့်ဖျပ်ပြီး OTP တွေဘာတွေ မရိုက်ထည့်လိုက်မိလို့။ မဟုတ်ရင် ကျွန်တော့်ရဲ့ တစ်လစာ လုပ်အားခလေးတွေ ရေစုန်မျောပြီပဲ"ဟု ပြောဆိုကာ ခုနက ဝင်လာသော မက်ဆေ့ချ်နံပါတ်ကို Report ပြုလုပ်၍ Block လုပ်ပစ်လိုက်လေသည်။

မောင်ဖိုးသားက ကိုညဏ်လင်း၏ ပခုံးကို ဖွဖွလေးပုတ်ပေးရင်း သတိပေးစကားကို ဆိုလေသည်။

"မှတ်ထားပါ ကိုညဏ်လင်း။ ဒီဂျစ်တယ်ခေတ်မှာ နည်းပညာတွေက လူမှုဘဝကို ပိုမိုလွယ်ကူစေပေမယ့် အွန်လိုင်းအန္တရာယ်တွေကလည်း တစ်ပြိုင်နက်တည်း တိုးပွားလာနေတယ်"ဟု အသိပေးသည်။ "အွန်လိုင်းလိမ်လည်သူတွေက နည်းပညာအားနည်းချက်တွေကိုတင်မကဘူး၊ လူတွေရဲ့ ယုံကြည်မှု၊ ကြောက်ရွံ့မှုနဲ့ အလျင်စလို ဆုံးဖြတ်ချင်တဲ့ စိတ်ခံစားချက်တွေကိုပါ သုံးပြီး လှည့်ဖြားကြတာလေ"ဟု လူ့သဘာဝနှင့် နည်းပညာဆက်စပ်မှုကို ရှင်းလင်းပြသည်။

"ဒါကြောင့် 'မယုံကြည်ခင် စစ်ဆေးပါ။ မနှိပ်ခင် စဉ်းစားပါ။ မမျှဝေခင် သတိထားပါ' ဆိုတဲ့ အလေ့အကျင့်ကောင်းတွေကို မွေးမြူထားတာက အွန်လိုင်းလိမ်လည်မှုတွေကနေ ကာကွယ်ဖို့ အရေးကြီးဆုံး လုံခြုံရေးကာကွယ်မှုပဲ" ဟု မောင်ဖိုးသားက ပြုံးရွှင်စွာဖြင့် ပြောကြားရင်း... "သတိရှိတဲ့ အသုံးပြုသူတစ်ယောက်ဖြစ်တာက အကောင်းဆုံးဆိုက်ဘာ ကာကွယ်ရေးပဲလေ"ဟု ဆိုကာ စကားဝိုင်းကို အဆုံးသတ်လိုက်လေသည်။

ထို့နောက် မောင်ဖိုးသားသည် သူ၏စာချုပ်စာတမ်းများဆီသို့ ပြန်လည်အာရုံစိုက်ရန် ရုံးခန်းထဲသို့ ဝင်သွားပါတော့သည်။ ကိုညဏ်လင်း တစ်ယောက်ကတော့ ထိုနေ့ သောကြာနေ့ ညနေခင်းအတွက် အလွန်တန်ဖိုးရှိလှသော အွန်လိုင်းလုံခြုံရေး သင်ခန်းစာတစ်ခုကို ရရှိလိုက်သည့်အတွက် သက်ပြင်းချကာ စိတ်အေးချမ်းသာစွာဖြင့် မိမိ၏ အလုပ်ခွင်ဆီသို့ ပြန်လည်ခြေလှမ်းနိုင်ခဲ့ပါတော့သည်။ ။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ရေကြီးနစ်မြုပ်စိုက်ကေများ ပြန်လည်စိုက်ပျိုးနိုင်ရေး ဆွေးနွေး

**ပုသိမ် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ရေကြီးနစ်မြုပ်မှုများမှ ကွင်းအလိုက် ရေပြန်ပေါ်သည့် ဧရိယာ၊ ကေ၊ တောင်သူတစ်ဦးချင်း၏ ပျက်စီးခဲ့သည့် စိုက်ကေ၊ ပြန်လည်စိုက်ပျိုးမည့် သီးနှံ၊ မျိုးစေ့နှင့် သွင်းအားစု လိုအပ်ချက်၊ ထွန်ယက်စိုက်ပျိုးမည့် အခြေအနေ၊ စိုက်ပျိုးရေ ရရှိမှုအခြေအနေနှင့်ပတ်သက်သည့် စာရင်းဇယားများ၊ ကိန်းဂဏန်းအချက်အလက်များကို ကွင်းအလိုက် သက်ဆိုင်ရာဌာနများ ပါဝင်သည့် အဖွဲ့များစုဖွဲ့၍ မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် ကွင်းဆင်းကောက်ယူကြရန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့မွန်းလွဲပိုင်းတွင် ဟင်္သာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဧည့်ရိပ်သာ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် လေးမျက်နှာမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ရေကြီးနစ်မြုပ်စိုက်ကေများ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် မျိုးစေ့၊ သွင်းအားစုများနှင့် စက်သုံးဆီများ ပံ့ပိုးပေးနိုင်ရေးကိစ္စရပ်များ၊ ရေကြီးနစ်မြုပ် စိုက်ကေများအား စာရင်းများကောက်ယူဆောင်ရွက်နေမှု၊ မျိုးစေ့များရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် ပြန်လည်စိုက်ပျိုးဆောင်ရွက်သွားမည့် အခြေအနေ၊ စက်ယန္တရားများ အသင့်စုဖွဲ့ထားရှိမှု၊ စိုက်ပျိုးရေရရှိရေးအတွက် ရေတင်စက်များ၊ ဆိုလာရေတင်စနစ်တို့ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်သွားမည့် အစီအမံများ ဆွေးနွေးတင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းကလည်း ဟင်္သာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဧည့်ရိပ်သာတွင် တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ရုံးဝန်ထမ်းမိသားစုများကိုယ်စား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များကလည်းကောင်း၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်းနှင့် ရွှေမိုးကုမ္ပဏီလီမိတက်တို့ကလည်းကောင်း အလှူငွေများ လာရောက်လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

**ကလေး စက်တင်ဘာ ၂**

ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများကို နိုင်ငံတော်၏ အထူးလုပ်ငန်း တစ်ရပ်အဖြစ် ဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတော်က ဘဏ္ဍာငွေသာမက ဆောက်လုပ်ရေးသုံး ပစ္စည်းများ၊ ဆေးဝါးနှင့် ဘုရားဆင်းတုတော်ပါ မကျန် လူအား၊ ငွေအားနှင့် ပစ္စည်း အင်အားဖြင့် ပံ့ပိုးပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိကကဏ္ဍမပါ ဌာနဆိုင်ရာနှင့် အများပြည်သူဆိုင်ရာ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ငွေကျပ်ဘီလျံ ၄၀ ကျော်ခန့် ကျသင့်မည်ဟု ခန့်မှန်းထားကြောင်း ယနေ့နံနက် ၁၁ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြည်လည်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က ဆွေးနွေးပြောကြားသည်။

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းကို ဖလမ်းမြို့တွင် ၃၀ ရာခိုင်နှုန်း၊ တီးတိန်မြို့တွင် ၆၁ ရာခိုင်နှုန်း၊ တွန်းဇံမြို့တွင် ၄၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ယခုအခါ ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့ရှိ ဆက်သွယ်ရေး စခန်းသုံးခုအတွက် ဆက်သွယ်ရေး ပစ္စည်းများနှင့် ပြည်သူ့ဆေးရုံအတွက် ဓာတ်မှန်စက်များလည်း ကလေးမြို့သို့ ရောက်ရှိလာပြီဖြစ်ပြီး သက်ဆိုင်ရာမြို့များသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းမှု၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်မှု၊ အခြေခံပညာကျောင်းများနှင့် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်မှု၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေထားရှိမှု၊ ဌာနဆိုင်ရာ အဆောက်အအုံ ပျက်စီးမှု၊ ထပ်မံကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ တစ်စိတ်တစ်ပိုင်း ပြုပြင်ရန်လိုအပ်မှု၊ ဌာနဆိုင်ရာ အဆောက်အအုံများ ပြုပြင်/ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့၏ ရွေးချယ်အတည်ပြုထားသော ကုမ္ပဏီများ၊ ပျက်စီးသွားသည့် ပုဂ္ဂလိကနေအိမ်များနှင့်ပတ်သက်၍ ထောက်ပံ့မှု၊ အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဆန်၊ ဆီ၊ ဆား၊ ပဲအတွက် ငွေထောက်ပံ့မှု၊ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးရန်ပုံငွေ လက်ခံရရှိ၊ သုံးစွဲ၊ လက်ကျန် အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■ **AFC မှ**

လိဂ်ချန်ပီယံရှမ်းယူနိုက်တက်အသင်းက နောက်ဆုံးအဆင့် အုပ်စုမှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရရှိပြီး League Cup ချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းသည် ခြေစစ်ပွဲအဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် စက်တင်ဘာ ၈ ရက်တွင် လာအိုကလပ် Ezra အသင်းနှင့် အိမ်ကွင်းတစ်ကျော့တည်းကစားရမည်ဖြစ်ပြီး အနိုင်ရပါက ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

နောက်ဆုံးအဆင့် အုပ်စုပွဲစဉ်များကို အရှေ့အာရှဇုန်နှင့် အနောက်အာရှဇုန်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး အနောက်အာရှဇုန်တွင် အုပ်စုသုံးခု၊ အရှေ့အာရှဇုန်တွင် အုပ်စုနှစ်ခုပါဝင်ကာ မြန်မာကလပ်များသည် အရှေ့အာရှဇုန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုပွဲများကို ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု (D) ပွဲစဉ်များကို အင်ဒိုနီးရှားနိုင်ငံ၊ အုပ်စု (E) ပွဲစဉ်များကို မြန်မာနိုင်ငံတွင် ကျင်းပမည်ဖြစ်သည်။ အရှေ့အာရှဇုန် အုပ်စုနှစ်ခုတွင် အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးနှစ်သင်းစီမှာ ဇုန်ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - စိုးညွန့်သော်**

# ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် ရုရှား-အာဆီယံ စီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေး

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်သည် စက်တင်ဘာ ၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့ ရုရှားအရှေ့ဖျား ဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိ အဆောက်အအုံ D ၌ ကျင်းပသည့် ရုရှား-အာဆီယံ စီးပွားရေးဆွေးနွေးပွဲသို့တက်ရောက်ဆွေးနွေး



သည်။

ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr. Sergey Katyrin က ဆောင်ရွက်ပြီး DNS Group တည်ထောင်သူ၊ အရှေ့ဖျားဒေသနှင့် အာတိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရုရှားဖက်ဒရေးရှင်း၏ ဒုတိယဝန်ကြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီး AFC “Sistema” ၏ ဒုတိယဥက္ကဋ္ဌ၊ ကမ္ဘောဒီးယားနိုင်ငံ ကုန်သွယ်ရေးဆိုင်ရာ ဒုတိယဝန်ကြီး၊ PJSCv “DVMP” (FESCO) ၏လိုင်းနှင့်ထောက်ပံ့ပို့ဆောင်ရေးဌာနခွဲ၏ ဒုတိယအထွေထွေ ညွှန်ကြားရေးမှူးတို့က ရုရှား-အာဆီယံ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးပြောကြားကြသည်။

**ဖိတ်ခေါ်ဆွေးနွေး**

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က မြန်မာနိုင်ငံအနေဖြင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးအတွက် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်ထားရှိမှု၊ နည်းပညာဆိုင်ရာလုပ်ငန်းစဉ်များဖြစ်သည့် ဒီဂျစ်တယ်ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဒီဂျစ်တယ်လုံခြုံရေး၊ Smart City ဆိုင်ရာ အခြေခံ အဆောက်အအုံများ၊ ဒီဂျစ်တယ်အစိုးရနှင့် ပြည်သူဗဟိုပြု ဒီဂျစ်တယ်ဝန်ဆောင်မှုများ၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆန်းသစ်တီထွင်မှုကဏ္ဍများတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုမှု၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပထမဆုံးသော Cyber City တစ်ခု တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြီး ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ကြရန် ဖိတ်ခေါ်ဆွေးနွေးသည်။


ဆွေးနွေးပွဲသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင် တွေ့ဆုံဆွေးနွေး

**ဘစ်ရှ်ကက် စက်တင်ဘာ ၂**

မိမိနှင့် ရုရှားသမ္မတဗလာဒီမာ ပူတင်တို့၏ မဟာဗျူဟာမြောက်သည့် လမ်းညွှန်မှုများနှင့် နှစ်နိုင်ငံအကြား ကြိုးပမ်းအားထုတ်မှုများကြောင့် တရုတ်-ရုရှား နှစ်နိုင်ငံ ဆက်ဆံရေးသည် ခိုင်မာတည်ငြိမ်မှုရှိကာ တောက်ပသည့်အနာဂတ် ရှိနေကြောင်း တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။



ကာဂျစ္စတန်နိုင်ငံ ဘစ်ရှ်ကက်မြို့၌ကျင်းပသည့် ၂၀၂၆ခုနှစ် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေး ပြင်ပတွင် ရုရှားသမ္မတဗလာဒီမာ ပူတင်နှင့် တွေ့ဆုံဆွေးနွေးစဉ် တရုတ်သမ္မတ ရှီကျင့်ဖျင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားသမ္မတဗလာဒီမာ ပူတင်၏ တရုတ်နိုင်ငံ ခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးကို အရည်အသွေးမြင့်မားပြီး အဆင့်မြင့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်စေရန် မဟာဗျူဟာနှင့် ရေရှည်ရှုထောင့်မှ ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး တရုတ်နှင့် ရုရှားနှစ်နိုင်ငံကြား ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန် သဘောတူညီမှု ရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

နှစ်နိုင်ငံ တာဝန်ရှိသူများအနေဖြင့် သိသာထင်ရှားသည့် ရလဒ်များရရှိထားသည့် သဘောတူညီချက်များကို တက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက်နေပြီး နှစ်နိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာသည့်အဟုန်ဖြင့် ထိမ်းသိမ်းထားနိုင်ခဲ့ကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

လက်ရှိ နိုင်ငံတကာအခင်းအကျင်းသည် ရာစုနှစ်တစ်ခုအတွင်း မကြုံစဖူး သိသာထင်ရှားစွာ ပြောင်းလဲနေကြောင်းနှင့် မရေရာမသေချာမှုများ သိသာထင်ရှားစွာ ရှိနေသည်ကို မြင်တွေ့နေရသော်လည်း ကမ္ဘာတစ်ဝန်းရှိ လူများ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိသော ရလဒ်များကို ရှာဖွေနေမှုမှာ မပြောင်းလဲဘဲ ရှိနေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဒေသတွင်း တည်ငြိမ်မှုကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် အရေးကြီးသောတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့် အဆင့်မြင့် ဖလှယ်မှုများကို ထိန်းသိမ်းရန်၊ ကုန်သွယ်ရေး၊ စွမ်းအင်၊ စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် သိပ္ပံနှင့်နည်းပညာကဲ့သို့သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန်၊ ပြည်သူအချင်းချင်း ယဉ်ကျေးမှုဖလှယ်မှုများကို မြှင့်တင်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးတွင် ရလဒ်အသစ်များ ရရှိရန်အတွက် နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရန်ဆန္ဒရှိကြောင်း ရုရှားသမ္မတ ဗလာဒီဗာပူတင်က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့် ကုလသမဂ္ဂ၊ BRICS ယန္တရားနှင့် ဂျီ-၂၀ကဲ့သို့သော ဘက်စုံယန္တရားများအတွင်း ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအောင် ဆောင်ရွက်ရန်၊ APEC စီးပွားရေး ခေါင်းဆောင်များ အစည်းအဝေးကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရာတွင် ထောက်ခံရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ကြွယ်ဝချမ်းသာမှုကို ပူးတွဲထိန်းသိမ်းရန် ဆန္ဒရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဂျပန် သက်ကြီးကာယဗလပြိုင်ပွဲ၌ အသက် ၉၀ အရွယ် အမျိုးသားတစ်ဦး ဆုရရှိ


**တိုကျို စက်တင်ဘာ ၂**

ဂျပန်နိုင်ငံ၌ ကျင်းပသည့် ကာယဗလပြိုင်ပွဲတစ်ခုတွင် အသက် ၈၅ နှစ် နှင့်အထက် အမျိုးအစားတွင် အသက် ၉၀ အရွယ် အမျိုးသားတစ်ဦးက အနိုင်ရရှိခဲ့သည်။ သက်ကြီးကာယဗလသမားများ ပါဝင်ယှဉ်ပြိုင်ကြသည့် အဆိုပါပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် ဟီရိုရှီးမားမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။ အသက် ၄၁ နှစ်မှ ၉၀ အကြားရှိ အားကစားသမား ၂၀၀ ခန့်က ပြိုင်ပွဲအမျိုးအစား ၁၃ ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ၎င်းတို့အနက် ပြိုင်ပွဲမစတင်မီ တစ်ရက်အလိုတွင်မှ အသက် ၉၀ ပြည့်ခဲ့သူ ကာနာဇာဝါ တိုရှီဆူခီလည်း ပါဝင်ခဲ့ကာ ၎င်းသည် အသက် ၈၅ နှစ်နှင့်အထက် အမျိုးအစားတွင် ပြိုင်ဘက် ခြောက်ဦးနှင့်အတူ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

မူလအဆင့်တွင် သက်ကြီးကာယဗလသမားများအားလုံး စင်ပေါ်သို့ အတူတကွတက်ရောက်ကာ သတ်မှတ်ထားသော ပြကွက်ပုံစံများကို တစ်ပြိုင်နက်တည်း ပြသခဲ့ကြသည်။ ဗိုလ်လုပွဲတွင်မူ ပြိုင်ပွဲဝင်တစ်ဦးချင်းစီအနေဖြင့် နှစ်သက်ရာပုံစံများဖြင့် ကိုယ်ခန္ဓာအလှအပကို ပြသနိုင်ရန် အချိန်တစ်မိနစ်စီ ရရှိခဲ့ကြသည်။

အသက် ၉၀ ရှိသော ကာနာဇာဝါ တိုရှီဆူခီ ယှဉ်ပြိုင်နေချိန်တွင် ပရိသတ်များက ကျယ်လောင်သော လက်ခုပ်သြဘာသံများ ပေးခဲ့သည်။ ကာနာဇာဝါ တိုရှီဆူခီက အနိုင်ရရှိခဲ့ပြီးနောက် ကမ္ဘာ့စံချိန်သစ်များ တင်နိုင်ရန် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**



# ဘောလုံးကြယ်ပွင့် လီယွန်နယ် မက်ဆီ အာဂျင်တီးနားလက်ရွေးစင်အသင်းမှ အနားယူတော့မည်

**ဗျူနိုအေရိစ် စက်တင်ဘာ ၂**

ဘောလုံးကြယ်ပွင့် လီယွန်နယ် မက်ဆီက အာဂျင်တီးနား လက်ရွေးစင်အသင်းမှ အနားယူတော့မည်ဖြစ်ကြောင်း ယမန်နေ့က ကြေညာခဲ့သည်။



၎င်းသည် ယခုဆုံးဖြတ်ချက်ကြောင့် စိတ်နှလုံးအလွန်နာကျင်ရသော်လည်း ယခုအချိန်သည် အနားယူရန်သင့်လျော်သောအချိန်ဖြစ်ကြောင်း နားလည်သဘောပေါက်ထားသည်ဟု ဆိုရှယ်မီဒီယာတွင် ရေးသားဖော်ပြခဲ့သည်။ ခန့်မှန်းရခက်သော ဘောလုံးဆွဲပြေးနိုင်စွမ်း၊ ပြိုင်ဘက်ကင်း တိကျမှန်ကန်သော ဘောလုံးပေးပို့နိုင်စွမ်းနှင့် ထူးချွန်ပြောင်မြောက်သော ဂိုးသွင်းနိုင်စွမ်းတို့ကြောင့် အသက် ၃၉ နှစ်အရွယ် မက်ဆီသည် သမိုင်းတစ်လျှောက် အကောင်းဆုံးဘောလုံးသမားများ အနက်တစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

၂၀၀၆ ခုနှစ် ဂျာမနီနိုင်ငံ၌ ကျင်းပခဲ့သော ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသက် ၁၈ နှစ်အရွယ်ဖြင့် ပွဲဦးထွက်ကစားခဲ့ချိန်မှစ၍ ၎င်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ခြောက်ကြိမ်တိုင်တိုင် ပါဝင်ကစားခဲ့သည်။ အဆိုပါအရေအတွက်သည် ကမ္ဘာ့ဖလားသမိုင်းတွင် အများဆုံး ပါဝင်ကစားမှုစံချိန် ဖြစ်သည်။ ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းကို ဦးဆောင်ကာ နှစ်ပေါင်း ၃၆ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံဆုကို ရရှိစေခဲ့သည်။ မက်ဆီ ပါဝင်ကစားခဲ့သည့် ကာလအတွင်း အာဂျင်တီးနား လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားချန်ပီယံဆုကို တစ်ကြိမ် ရရှိခဲ့ပြီး ဒုတိယဆုကို နှစ်ကြိမ် ရရှိခဲ့သည်။

မက်ဆီက ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် စုစုပေါင်း ၂၀ ဂိုး သွင်းယူထားနိုင်ခဲ့ပြီး သမိုင်းတစ်လျှောက် ဒုတိယအများဆုံး ဂိုးသွင်းယူနိုင်မှုစံချိန်ကို ရရှိခဲ့သည်။ ထို့ပြင် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုကို နှစ်ကြိမ်တိုင်တိုင် ရရှိခဲ့သည့် တစ်ဦးတည်းသောကစားသမားလည်း ဖြစ်သည်။ မက်ဆီသည် ဘောလုံးသမားတစ်ဦးအတွက် အမြင့်မားဆုံး ဂုဏ်ပြုဆုအဖြစ် သတ်မှတ်ခံထားရသည့် Ballon d’Or ဆုကို ရှစ်ကြိမ်တိုင်တိုင် ရရှိထားသူဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# အယ်နီညိုဖြစ်စဉ်ကြောင့် ၂၀၂၇ခုနှစ်သည် တောင်အာဖရိကဒေသ၏ အပူပြင်းဆုံးနှစ် တစ်နှစ် ဖြစ်လာမည်

**ကိပ်တောင်း စက်တင်ဘာ ၂**

တောင်အာဖရိကဒေသတွင် ဖြစ်ပွားသည့် အယ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် လာမည့် ၂၀၂၇ ခုနှစ်သည် ၎င်းဒေသ၏ အပူပြင်းဆုံးနှစ် တစ်နှစ်ဖြစ်မည်ဖြစ်ကြောင်း တောင်အာဖရိက မိုးလေဝသ အေဂျင်စီက ပြောကြားသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်းလက်ရှိ ဖြစ်နေသည့် အယ်နီညိုဖြစ်စဉ်သည် အားအကောင်းဆုံးဖြစ်လာနိုင်သည်ဟု ၎င်းမိုးလေဝသအေဂျင်စီက ပြောကြားသည်။ ပင်လယ်ရေမျက်နှာပြင်အပူချိန် ပုံမှန်ထက် ၁ ဒသမ ၅ ဒီဂရီ ဆဲစီးယက်စ်ထက်ကျော်လွန်ခြင်းကြောင့် အားကောင်းသည့် အယ်နီညို ဖြစ်စဉ်အဖြစ် သတ်မှတ်ထားသည်။

၂၀၂၆ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ တောင်အာဖရိကဒေသနိုင်ငံအများစုတွင် ပုံမှန်ထက်လျော့နည်းသည့် မိုးရွာသွန်းမှုနှင့် ပုံမှန်ထက်မြင့်သည့် အပူချိန်များရှိမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၇ ခုနှစ် ဇန်နဝါရီလအထိလည်း အလားတူအခြေအနေများဖြစ်လာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အလွန်အားကောင်းသည့် အယ်နီညိုဖြစ်စဉ်နှင့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ၂၀၂၇ ခုနှစ်သည် အပူဆုံးနှစ် ဖြစ်လာမည်ဖြစ်ကြောင်း တောင်အာဖရိက မိုးလေဝသအေဂျင်စီက ပြောကြားသည်။

အယ်နီညိုကြောင့် ဒေသတွင်းတွင်ဖြစ်လာနိုင်သည့် အပူလှိုင်းနှင့် ရေရှားပါးမှု အပါအဝင် သဘာဝဘေးများကို စောင့်ကြည့်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းမိုးလေဝသအေဂျင်စီက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ကီယာ စတားမာက လွှတ်တော်အမတ်နေရာမှ နုတ်ထွက်မည်

**လန်ဒန် စက်တင်ဘာ ၂**

ဗြိတိန် ဝန်ကြီးချုပ်ဟောင်း ကီယာ စတားမာက ၎င်း၏ လွှတ်တော်အမတ်နေရာမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ယမန်နေ့က ကြေညာခဲ့သည်။

၎င်း၏ရာထူးတာဝန်ကို ဆက်ခံမည့်သူထံ လွှဲပြောင်းပေးအပ်ရန်အတွက် ယခုအချိန်သည် သင့်လျော်သောအချိန် ဖြစ်ကြောင်း စတားမာက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားဖော်ပြခဲ့သည်။

လွှတ်တော်အမတ်အဖြစ် နုတ်ထွက်ပြီးနောက် ကာကွယ်ရေး၊ လုံခြုံရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာတို့ အပါအဝင် နိုင်ငံတကာရေးရာကိစ္စရပ်များကို ဆက်လက်အာရုံစိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

ထို့ပြင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ကျူးလွန်သည့် အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ၎င်းက ကတိပြုခဲ့သည်။

စတားမာက ၂၀၂၀ ပြည့်နှစ်တွင် အလုပ်သမားပါတီ ခေါင်းဆောင်ဖြစ်လာခဲ့ပြီး ၁၄ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် အစိုးရအပြောင်းအလဲ ဖြစ်ပေါ်စေခဲ့သည့် ၂၀၂၄ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ရာထူးကို ရယူခဲ့သည်။

သို့သော် ဘဏ္ဍာရေးဆိုင်ရာ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ရည်ရွယ်သည့် အခွန်တိုးမြှင့်မှုများကြောင့်ပြည်သူ့ထောက်ခံမှု ကျဆင်းခဲ့ရသည်။ မေလတွင်ကျင်းပခဲ့သော ဒေသန္တရ ရွေးကောက်ပွဲ၌ အလုပ်သမားပါတီသည် ကြီးမားသောဆုံးရှုံးမှုနှင့် ရင်ဆိုင်ခဲ့ရပြီး စတားမာက ဇူလိုင်လတွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။

လန်ဒန်မြို့ရှိ ၎င်း၏ မဲဆန္ဒနယ်တွင် လစ်လပ်သွားသော လွှတ်တော်အမတ်နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၀ နှင့် အမျိုးသမီး လေးဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် စက်တင်ဘာ ၂

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၀ နှင့် အမျိုးသမီး လေးဦး စုစုပေါင်း ၂၄ ဦးတို့သည် လက်နက်မျိုးစုံ ရှစ်လက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့မှ အမျိုးသား ၁၀ ဦး၊ (၇)မိုင်စခန်းမှ အမျိုးသား တစ်ဦး၊ ကြို့ပင်ကောက်မြို့မှ အမျိုးသား တစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား ငါးဦးနှင့် အမျိုးသမီး သုံးဦး၊ ရွှေတောင်မြို့မှ အမျိုးသား တစ်ဦး၊ ကျောက်ကြီးမြို့မှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦး၊ ကျောက်တံခါးမြို့မှ အမျိုးသား တစ်ဦးတို့အား ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ လူငယ်များအား အသိပညာပေးစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-3 သေနတ် တစ်လက်၊ M 4 သေနတ် တစ်လက်၊ ကာဘိုင်သေနတ် တစ်လက်၊ BA ၆၃ သေနတ် တစ်လက်၊ လက်လုပ်ပစ္စတိုသေနတ် တစ်လက်၊ လက်လုပ်သေနတ် သုံးလက်၊ လက်ပစ်ဗုံး ၁၀ လုံး၊ မှန်ပြောင်း တစ်လက်၊ ကျည်အိမ် ခြောက်ခု၊ ကျည်မျိုးစုံ ၂၆၁ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ်လေးလက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၀၊ လက်လုပ်သေနတ် လေးလက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၊ လက်ပစ်ဗုံး ၁၀ လုံးအတွက် ဆုကြေးငွေကျပ်သိန်း ၃၀၊ မှန်ပြောင်းတစ်လက်အတွက် ဆုကြေးငွေကျပ် နှစ်သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ ၂၄ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် သုံးသိန်းစီဖြင့် ငွေကျပ် ၇၂ သိန်း စုစုပေါင်း ဆုကြေးငွေကျပ် ၃၂၄ သိန်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ကိုယ်စား အလင်းဝင်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် စက်တင်ဘာ ၂

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

အလားတူ အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအလှများဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဇေယျာသီရိမြို့နယ်၌ သမဝါယမလုပ်ငန်းဆိုင်ရာနှင့် စီမံကိန်းလုပ်ငန်းများ ရှင်းလင်း

နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် မွန်းတည့်ခွင်(တောင်)ကျေးရွာ၌ သမဝါယမလုပ်ငန်းဆိုင်ရာများနှင့် သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းစဉ်များ ချပြရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက တောင်သူလယ်သမားများ၏အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။ ထို့နောက် နေပြည်တော်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်မည့် စနစ်ကျသောစိုက်ပျိုးရေးစနစ်(CBFP)၊ စီမံကိန်းနှင့် သီးနှံသိုလှောင်ရုံ၊ သီးနှံအပ်လက်မှတ်ကြိုတင်ချေးငွေ(WRF) စီမံကိန်းလုပ်ငန်းဆောင်ရွက်သွားမည့်စနစ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဇေယျာသီရိမြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် အောင်သန်းထိုက်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးတို့က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးစပါးတွင် စုပေါင်းစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေသော တောင်သူတစ်ဦးက သက်သာမှုနှင့် အားသာချက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)



## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၂

ယနေ့နံနက် ၁၁ နာရီ ၂၀ မိနစ် ၄၈ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၅၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ပုလဲမြို့၏အနောက်ဘက် ၁၉ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၅၇ ဒီဂရီ၊ အနက် ၈၉ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# မူလတန်းအောက်ဆင့် ကျောင်းသားကျောင်းသူများအတွက် ကျောပိုးအိတ်များနှင့် စာရေးကိရိယာများ၊ ကျောင်းစာကြည့်တိုက်သုံးစာအုပ်များနှင့် ဆရာဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်



**နေပြည်တော် စက်တင်ဘာ ၂**

တောင်ပိုင်းတိုင်း စစ်ဌာနချုပ် အခြေခံပညာ အလယ်တန်းကျောင်း မူလတန်းအောက်ဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောပိုးအိတ်များနှင့် စာရေးကိရိယာများ၊ ကျောင်းစာကြည့်တိုက်သုံး စာအုပ်များနှင့် ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေများကို ယနေ့နံနက်ပိုင်းက ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် သွားရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် တောင်ငူမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဆရာကွန်းခန်းမ၌ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ အခြေခံပညာ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သင်ယူသူဗဟိုပြု သင်ကြားနည်းစနစ်ဖြင့် သင်ကြားသင်ယူမှု အရည်အသွေးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများ အနေဖြင့် ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

**ချီးမြှင့်ငွေများပေးအပ်**

အဆိုပါတွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည့် မေးမြန်း ဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားကာ ကျောင်းစာကြည့်တိုက်တွင်ထားရှိရန် စာအုပ်များနှင့် ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပဲခူးမြို့နယ် နယ်မြေခံတပ်ရှိ အခြေခံပညာ အထက်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး မူလတန်းအောက်ဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောပိုးအိတ်များနှင့် စာရေးကိရိယာများ ပေးအပ်ပြီး ရေကြီးရေလျှံမှုကြောင့် ယာယီပိတ်ထားသည့် ပဲခူးမြို့ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်၍ ကျောင်းအတွင်း ရေဝင်ရောက်မှုနှင့် ကျောင်းဆောင်ပြင်ဆင်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း (ရန်ကုန်) ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ❖ နေရာကွက်၍မှ

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။ **မိုး/ဇလ**

## ❂ အာရှဖလားမှ

အုပ်စုဒုတိယနေ့အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ဘရူနိုင်းအသင်း၊ ည ၇ နာရီတွင် မော်လ်ဒိုက်အသင်းနှင့် သီရိလင်္ကာအသင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဩဂုတ် ၃၁ ရက်က ကျင်းပသည့် ပထမနေ့တွင် မြန်မာအသင်းက သီရိလင်္ကာအသင်းကို လေးဂိုးပြတ်၊ မော်လ်ဒိုက်အသင်းက ဘရူနိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ ယနေ့ကစားမည့် ဒုတိယနေ့တွင် မြန်မာအသင်းရော မော်လ်ဒိုက်အသင်းပါ ထပ်မံအနိုင်ရပါက နောက်ဆုံးနေ့ ထိပ်တိုက်မတွေ့ဆုံမီ နောက်တစ်ဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမနေ့တွင် ဂိုးပြတ်အနိုင်ရသော်လည်း တစ်ဦးချင်းရော အသင်းလိုက်ကစားပုံပါ လိုအပ်ချက်ရှိနေသေးပြီး ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်ရန် လိုအပ်နေသည်။

အာရှဘောလုံးအဖွဲ့ချုပ်၏ ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ မြန်မာအသင်းသည် ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်မည့် Qualification phase တွင် ကစားခွင့်မရဘဲ တစ်ဆင့်နိမ့်သည့် Development phase တွင် ကစားနေရခြင်းဖြစ်သည်။ ယခုနှစ် Development phase ခြေစစ်ပွဲတွင် အုပ်စုသုံးခုပါဝင်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး နှစ်သင်းစီမှာ ၂၀၂၈ ပြိုင်ပွဲတွင် ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်မည့် Qualification phase သို့ တက်လှမ်းကစားခွင့်ရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ထိပ်ဆုံးနှစ်သင်းဝင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေ လေးလက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေ ၁၀ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေ ငါးလက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုံရွာမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် ကလေးမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရွှေ့ပြောင်းရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီး၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသ

**ညောင်ဦး စက်တင်ဘာ ၂**

မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများနှင့် သက်ကြီးဘိုးဘွားများ သွားတု(အံကပ်) တပ်ဆင်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်သည်။

အဆိုပါ သက်ကြီးဘိုးဘွားများ သွားတု(အံကပ်)တပ်ဆင်ခြင်းနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသခြင်း အထူးကုကွင်းဆင်းဆေးကုသခြင်းကို ဩဂုတ် ၂၇ ရက်မှ ၃၁ ရက်အထိ ညောင်ဦးခရိုင် ဆေးရုံကြီး၌ ကွင်းဆင်းကုသပေးသည်။ စက်တင်ဘာ ၂ ရက်တွင် ညောင်ဦးခရိုင်အတွင်းရှိ သက်ကြီးဘိုးဘွားများအား သွားတု(အံကပ်) တပ်ဆင်ခြင်းနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထို့နောက် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သက်ကြီးဘိုးဘွား သွားတု(အံကပ်) တပ်ဆင်သူများ၊ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အာဟာရဒါနပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**



# တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**တောင်ငူ စက်တင်ဘာ ၂**

တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တောင်ငူခရိုင်အားကစားကွင်း၌ ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကားပြောကြားပြီး အကောင်းဆုံးချီတက်အလေးပြုအဖွဲ့ အကောင်းဆုံးဆုရ ထန်းတပင်မြို့နယ်ဘောလုံးအသင်းအား ဆုချီးမြှင့်သည်။ ထို့နောက် အားကစားသမားများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြပြီး အေရိုးဗစ်ဖျော်ဖြေရေးအဖွဲ့က ကျန်းမာသွက်လက်သော အကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ခြင်း၊ တိုက်ကွမ်ဒိုအဖွဲ့က အားကစားစွမ်းရည်ပြ သရုပ်ပြဖျော်ဖြေခြင်းနှင့် ဘင်ခရာတပ်ဖွဲ့၊ အလှပြပန်းဖွားအဖွဲ့တို့ပူးပေါင်း၍ အခမ်းအနားကို ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် အုပ်စုပွဲစဉ်အဖြစ် တောင်ငူမြို့နယ် (ကိုယ်ပိုင်အထက်တန်းကျောင်း) နှင့် ရေတာရှည်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တောင်ငူမြို့နယ် (ကိုယ်ပိုင်အထက်တန်းကျောင်း)အသင်းက ရေတာရှည်မြို့နယ်အသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

## မကွေးမြို့နယ် မဏ္ဍိုင်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

မကွေး စက်တင်ဘာ ၂

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မဏ္ဍိုင်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို တိုင်းဒေသကြီး သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ မဏ္ဍိုင်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း ဥက္ကဋ္ဌသဘာပတိ ဦးဘုန်းမြင့်ထွန်းက တစ်နှစ်အတွင်း ရရှိခဲ့သော ဝင်ငွေ၊ အသုံးစရိတ်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အမှုဆောင် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၊ အသင်း စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာများနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး အသင်းတွင် လစ်လပ်သွားသည့် အမှုဆောင်နေရာတွင် အသင်းသားများ ဆန္ဒနှင့် ရွေးချယ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အသင်းသား ၈၇ ဦး၏ စုဆောင်းငွေအပေါ် အတိုးကျပ် ၃၇ ဒသမ ၈၃၃၂ သိန်း ထုတ်ပေးခဲ့ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂

(၆၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် ထန်းတပင်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ မြသိန်းတန်ဘုရားကြီး ပရိယတ္တိစာသင်တိုက်တွင် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးကို ထန်းတပင်မြို့နယ် ရဲတပ်ဖွဲ့က ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

မှော်ဘီခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ငွေတင်၊ ထန်းတပင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သူလွင် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက မြသိန်းတန်ဘုရားကြီး ပရိယတ္တိစာသင်တိုက် ကျောင်းဝင်းအတွင်းရှိ ချုံနွယ်များနှင့် အမှိုက်များကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## သဃ်န်းကျွန်းမြို့နယ်၌ ကောင်းမြတ်ချမ်းသာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်အစည်းအဝေးပြုလုပ်

သဃ်န်းကျွန်း စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကောင်းမြတ်ချမ်းသာရောင်းဝယ်ရေးသမဝါယမ အသင်းလီမိတက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို သဃ်န်းကျွန်းမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။



အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးမိုးစက်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဃ်န်းကျွန်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးက အမှုဆောင်သစ်ရွေးချယ်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပခုက္ကူမြို့၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ပခုက္ကူ စက်တင်ဘာ ၂

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၁၅ သန်းဖြင့် ပခုက္ကူမြို့ အမှတ်(၁၄) ရပ်ကွက် အောင်သိဒ္ဓိလမ်း ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယမန်နေ့မွန်းလွဲ ၃ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ကော်မတီဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



## သံလွင်မြစ်ရေ၊ စစ်တောင်းမြစ်ရေ၊ ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်များအရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃ ပေ ၉ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃ ပေ ၁ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ခြောက်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပဲခူးမြစ်ရေသည် ပဲခူး မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကိုးလက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် လေးလက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ဘားအံမြို့နယ်၊ ပဲခူးမြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်နှင့် ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဒေါ်အေးသန်း (ခ) Margret Than Pe

**ဦးစီးအရာရှိ (ငြိမ်း) အလုပ်သမားညွှန်ကြားမှုဦးစီးဌာန**

**အသက် (၈၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ အမှတ်(၄၁)၊ မန္တလေးလမ်းနေ (ဦးသန်းဖေ-ဒေါ်ကြည်ကြည်)တို့၏ သမီးကြီး၊ Dr.မျိုးသန်း-ဒေါ်သန္တာဦး၊ ဒေါ်လှလှသန်း၊ ဦးအောင်သန်း-ဒေါ်မြမြသိန်း၊ (ဦးဝင်းသန်း)၊ ဒေါ်ချိုချိုသန်းတို့၏ အစ်မကြီး၊ Dr. ကျော်သူအောင် - Dr. သဲမွန်လ၊ Dr.ဖြိုးသူအောင်-ဒေါ်မေနွယ်ထွန်း၊ မောင်ဘုန်းမြတ်မိုရ်တို့၏ ကြီးတော်သည် ၂၃-၈-၂၀၂၆ (တနင်္ဂနွေနေ့) ညနေ ၃:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၂၆ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တာခွကျေးရွာ၊ ကွင်းအမှတ်- ၆၈၈ က၊ ကွင်းအမှတ်- ဘိုးမုတ်ဆိတ်၊ ရန်ကုန်-ပြည်လမ်း၊ ဦးပိုင်အမှတ်- ၃ ရှိ ဦးလှဖုန်း အမည်ပေါက် မြေခွန်ပြေစာထွက်ရှိထားသော အကျယ်ပေ (၅၅/၃၅x၁၆၀) ဧရိယာ (၀.၁၆)ဧကရှိ (G)မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးစုံပါ (တစ်ထပ်)လူနေအိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း**

အထက်ဖော်ပြပါ အိမ်မြေအား မြေခွန်ပြေစာအမည်ပေါက်ပိုင်ရှင် **ဦးလှဖုန်း [၁၂/ဗဟန(နိုင်) ၀၂၉၂၉၆]**မှ လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင်ဖြစ်ပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ **ဒေါ်မော်မော်ဦး [၁၂/အလန (နိုင်) ၀၂၃၃၄၃]**မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသည့် အိမ်မြေပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း များနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မော်မော်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဖြူဖြူအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၇၇)**
**အမှတ်- ၂၀၃(ခ)၊ ဥယျာဉ်ပန်းခြံ(၂)လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၉၅၆၆၆၉၉၉၆**

---

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊တွံတေးခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ သုံးခွကျေးရွာအုပ်စု၊ သုံးခွကျေးရွာ၊ ရွာမအနောက်ပိုင်းနေ ဦးမြင့်ကြည်နှင့် ဒေါ်အေးအေးစန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးမြင့်ကြည်၏ညီဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ် [၁၂/ကခက(နိုင်) ၀၀၇၆၉၅] ကိုင်ဆောင်သူ ဦးခင်မောင်ဇော်သည် မိဘ၊ မောင်နှမနှင့် ဆွေမျိုးများနှင့် ကျွန်ုပ်မိတ်ဆွေတို့၏ ဂုဏ်သိက္ခာကျဆင်းစေရန် ကိစ္စများစွာကို အကြောင်းမျိုးမျိုးဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့သည့်အပြင် နေအိမ်မှထွက်သွားခြင်း စသည်တို့ကို အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ကျွန်ုပ်မိတ်ဆွေတို့၏ ကိုယ်စိတ်နှလုံး ပင်ပန်းဆင်းရဲစေခြင်းနှင့် ဂုဏ်သိက္ခာကျဆင်းစေခြင်းတို့ကြောင့် ဦးခင်မောင်ဇော်အား ညီအဖြစ်မှ အပြီးတိုင် စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်စပ်ဆိုင်သည့် မည်သည့်ကိစ္စကိုမျှ ကြော်ငြာပါသည့်ရက်မှစ၍ လုံးဝ(လုံးဝ)လက်ခံတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဉ္ဇူကျော် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၅၅၁၅၀)**
**အမှတ် (၄၀၅/A)၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၁၀၀၀၈၆၅**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁၇)၊ ဦးပိုင်အမှတ်(၆၄)၊ ၆၅x၆၆ ကြား၊ ၁၄၁x၁၄၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သိန်းသိန်းရွှေ (ခ) အမာမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၂၅၄/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးရန်နိုင်စိုး(ခ)ဟက်ပီး [၉/မကန(နိုင်) ၁၃၉၅၄၉]က အမှုတွဲအမှတ်(၂၀၆၇/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၄)၊ ဦးပိုင်အမှတ်(၇၂)၊ ၆၇x၆၈ ကြား၊ ၁၄၀x၁၄၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ တပ်ကြပ်ကြီးအောင်နိုင်၏ (SP ရရှိသူ ဒေါ်မိမိခိုင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၂၉၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးအမစ်ကူမား [၁/မကန (ပြု) ၀၀၀၅၃၀]က အမှုတွဲအမှတ်(၂၀၆၂/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဒေါ်ဆွေဆွေသန်း (ခ) ဒေါ်ရှုတင်

**ပဲနွယ်ကုန်း (ရွှေဗမာ ဖိနပ်ဆိုင်)**

**အသက် (၉၄) နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၁၇၁)နေ ပဲနွယ်ကုန်း (ဦးမောင်ကြီး-ဒေါ်ချေးမ)တို့၏ သမီး၊ (ဒေါ်ရှုခင်)၏ ညီမ၊ ဦးသိန်းထွန်း-ဒေါ်တင်မိုးဝင်း၊ ဒေါ်အေးအေးချိုတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဒေါ်လှကြည်၊ ဦးသိန်းဝင်းတို့၏ အဒေါ်၊ မောင်မြတ်သစ်ငြိမ်း၊ မရွှေရည်ဝင်းလှဲ့ဝါအောင်တို့၏ ဘွားဘွားကြီး ဒေါ်ဆွေဆွေသန်း(ခ)ဒေါ်ရှုတင် အသက် (၉၄)နှစ်သည် ၂-၉-၂၀၂၆ (ဗုဒ္ဓဟူးနေ့)မွန်းလွဲ၁၂:၁၃ နာရီတွင်ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၄-၉-၂၀၂၆ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ ခနသုခလမ်း၊ မြေကွက်အမှတ် (၂၇၉/က)ဟုခေါ်တွင်သော ဦးညွန့်ခင်အမည်ပေါက်သည့် ပါမစ်မြေ အမျိုးအစား၊ မြေအကျယ် (၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးချစ်ကို [၁၄/ဘကလ(နိုင်) ၂၃၆၂၆၃]က အမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ခိုင်ဇင် [၁၁/ကတန(နိုင်) ၀၆၀၆၅၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ**
**ဒေါ်ခိုင်ခိုင်ဇင်**

**ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၁၀)ရပ်ကွက်၊ ဒက္ခိဏ(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၈၉၉/ခ)၊ အကျယ်အဝန်း (၂၀x၆၀)ပေ၊ ဧရိယာ (၀.၀၂၇)ဧကရှိ ဦးစိုးမြင့် အမည်ပေါက် ပါမစ်မြေအမျိုးစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို** အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်စပ်ဖြင့်ဝယ်ယူ၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဦးသန့်ဇော်ထက် [၁၂/ရပသ(နိုင်)၀၇၈၈၀၈]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးအောင်လင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း (LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။**
**၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၇)ရပ်ကွက်၊ မှော်ဘီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (ဒ/၆၃)၊ မြေကွက်အမှတ်(၉၄၃)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်နန်းစန္ဒာဟန် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို** တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဂရန်အမည်ပေါက် **ဒေါ်နန်းစန္ဒာဟန် [၁၃/တယန(နိုင်) ၀၂၁၂၁၆]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးစိုးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း (LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။**
**၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အကွက်အမှတ် (၅၉၄-ခ/၄)၊ ဦးပိုင်အမှတ် (၆၈)၊ ရန်-မန်းလမ်း အနောက်ဘက်ရှိ မြေကွက်တွင် အစဉ်တစိုက်နေထိုင်သူ ဒေါ်ခင်ဌေးကြည် [၉/အမရ(နိုင်) ၀၅၈၆၅၈]က အမှုတွဲအမှတ် (၂၀၆၅/၂၀၂၆-၂၀၂၇)ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဗိုလ်ကြီး ကျော်မိုးအေး (ငြိမ်း)

**လက်ထောက်မန်နေဂျာ(ငြိမ်း)၊ ပို့ဆောင်ရေးဝန်ကြီးဌာန**

**OTS-86**

**အသက် (၆၃)နှစ်**

လမ်းမတော်မြို့နယ်၊ မော်တင် ယမုံနာလမ်း၊ စုပေါင်းရိပ်သာအခန်း(၃)နေ အဖ [ဦးကျော်အေး (ဦးစီးအရာရှိ၊ စိုက်/မွေး)]- အမိ ဒေါ်မြမြသွင်(စိုက်/မွေး-ငြိမ်း)တို့၏ သား၊ ဒေါ်နွယ်နီအေး၏ မောင်၊ ဦးတင်မျိုးအေး-ဒေါ်နှင်းသီသီလွင်၊ ဦးဇော်မိုးအေးတို့၏ အစ်ကို/မောင်၊ ဒေါ်ဥမ္မာလွင်၏ ခင်ပွန်း၊ ကိုကျော်တေဇအေး၊ မခိုင်ခင်ထွန်း၊ ကိုဝေဖြိုးသီဟအေးတို့၏ ဖခင်၊ မသုဒ္ဓါစံ၏အဘိုး၊ မောင်မျိုးမင်းပိုင်၏ဘကြီး ဗိုလ်ကြီး ကျော်မိုးအေး(ငြိမ်း) (လက်ထောက်မန်နေဂျာ-ငြိမ်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန)၊ OTS-86 သည် ၂-၉-၂၀၂၆(ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသောကြောင့် ၄-၉-၂၀၂၆ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီး ကျော်မိုးအေး (ငြိမ်း)

**လက်ထောက်မန်နေဂျာ(ငြိမ်း)၊ ပို့ဆောင်ရေးဝန်ကြီးဌာန**

**OTS-86**

**အသက် (၆၃)နှစ်**

လမ်းမတော်မြို့နယ်၊ မော်တင် ယမုံနာလမ်း၊ စုပေါင်းရိပ်သာအခန်း(၃)နေ အဖ [ဦးကျော်အေး (ဦးစီးအရာရှိ၊ စိုက်/မွေး)]-အမိ ဒေါ်မြမြသွင် (စိုက်/မွေး-ငြိမ်း)တို့၏ သား၊ ဒေါ်နွယ်နီအေး၏ မောင်၊ ဦးတင်မျိုးအေး-ဒေါ်နှင်းသီသီလွင်၊ ဦးဇော်မိုးအေးတို့၏ အစ်ကို/မောင်၊ ဒေါ်ဥမ္မာလွင်၏ ခင်ပွန်း၊ ကိုကျော်တေဇအေး၊ မခိုင်ခင်ထွန်း၊ ကိုဝေဖြိုးသီဟအေးတို့၏ ဖခင်၊ မသုဒ္ဓါစံ၏ အဘိုး၊ မောင်မျိုးမင်းပိုင်၏ဘကြီး ဗိုလ်ကြီး ကျော်မိုးအေး(ငြိမ်း) (လက်ထောက်မန်နေဂျာ-ငြိမ်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန)သည် ၂-၉-၂၀၂၆ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရသဖြင့် မိသားစု နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS-86 မိသားစုများ**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ် (၄)ရပ်ကွက်၊ ဝေဘာဂီလုံးချင်းအိမ်ရာ၊ စိန်စီလမ်း၊မြေကွက်အမှတ် (၃၈၇)အိမ်အမှတ် (၄၈) ဟုမှတ်သားတည်ရှိသော အလျား(၄၀)ပေx အနံ(၅၉)ပေ အကျယ်ရှိ မြေကွက်နှင့်နေအိမ်အား မိမိတစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်ကျော် [၁၂/ဗဟန(နိုင်) ၀၂၅၈၂၂]ထံမှ ယင်းမြေနှင့် နေအိမ်အား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ ရောင်းကြေးငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကိုကိုစံ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၅၁၈၅)**
**အခန်းအမှတ်(၉)၊ ဝေဟင်လမ်း၊ ဝေဘာဂီ(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉-၇၈၃၆၆၇၅၂၂၊ ၀၉-၄၂၁၀၆၅၄၁၅**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ဏ/၁၄)ရပ်ကွက်၊ မြေတိုင်းအမှတ် (၄၀)၊ ဝင်္ကပါလမ်း၊ မြေကွက်အမှတ် (၁၂၄/က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ) အကျယ်ရှိ မြေကွက်သည် ဦးတင်ဦး အမည်ပေါက်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေကွက်ဖြစ်ပြီး အမည်ပေါက်ဖြစ်သူ ဦးတင်ဦး [၁၂/သဃက(နိုင်) ၁၈၁၆၆၆]မှ ၎င်းသာလျှင် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးဆန်း [၁၂/ဥကမ(နိုင်) ၁၉၆၆၂]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးဆန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၃၇၈၉၄)**
**တိုက်အမှတ်(၉)၊ ပထမထပ်၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၉)၊ ၁၁၁လမ်း၊ ၅၂x၅၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လှမြင့် [၉/ပသက (နိုင်)၀၂၇၈၃၄]က အမှုတွဲအမှတ် (၂၀၆၃/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/89631 အမျိုးအမည် Honda Click - 125 အမျိုးအစား၊ M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးငြိမ်းမင်းဦး မှတ်ပုံတင်အမှတ် [၅/ဆလက(နိုင်) ၁၂၉၇၁၅]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့။**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၊ 57W/15486 အမျိုးအမည်၊ Jialing- 90 အမျိုးအစား၊ M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်နုနုဆွေ မှတ်ပုံတင်အမှတ်၊ [၉/သပက(နိုင်) ၀၄၁၆၆၀]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့။**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/2378 အမျိုးအမည် DAIHATSU HJET S211P အမျိုးအစား၊ PICK UP (4x4) (R) ယာဉ်လက်ဝယ်ရှိသူအမည် မောင်ရှိုင်းဝေဠူ မှတ်ပုံတင်အမှတ် [၅/ယမပ (နိုင်) ၀၉၆၁၁၀]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့။**

---

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၉၂/ဖက်ခင်း)၊ ဦးပိုင်အမှတ်(၂၈ ဃ/၁)၊ မြေချိန်ဧရိယာ (၀.၄၇)ဧကရှိ ဘိုးဘွားပိုင်မြေသည် မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန (၁-က)စာရင်းတွင် ဦးသန်းထွန်းနိုင်အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါ မြေဧရိယာ (၀.၄၇)ဧကရှိ မြေအနက်မှ မြေဧရိယာ (၀.၀၄၄)ဧကရှိ မြေအား ဦးသန်းထွန်းနိုင်ထံမှ ဦးကျော်ဝင်းမောင်သည် မြေကွက်သက်သက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်အမှတ်-၂၈/၂၀၂၆ ဖြင့် ဝယ်ယူခဲ့ပြီး ဦးပိုင်ခွဲစိတ်ခွင့်ရရှိရေးလျှောက်ထားခဲ့ရာ မြို့နယ်မြေစာရင်းဦးစီးဌာန၏ (၃-၈-၂၀၂၆) ရက်စွဲပါ ဦးပိုင်ခွဲစိတ်အမှုအမှတ်- ၂၁/ထတ (၂၀၂၆-၂၀၂၇)အရ ဦးပိုင်အမှတ် (၂၈ ဃ)ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ရရှိခဲ့သဖြင့် အဆိုပါ မြေဧရိယာ (၀.၀၄၄)ကေအား ဦးကျော်ဝင်းမောင်မှ ၎င်း၏အမည်သို့ အမည် ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဦးကျော်ဝင်းမောင်မှ ၎င်း၏အမည်သို့ ပြောင်းလဲပေးရန်လျှောက်ထားခဲ့မှုအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့။**

❖ နိုင်ငံတော် ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့
သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲတွင် အမျိုးသမီးတံခွန်စိုက်ဆုဖလားကို မွန်ပြည်နယ်အသင်းနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားကို ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆွတ်ခူးရရှိ

နေပြည်တော် စက်တင်ဘာ ၂

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒




အမျိုးသား တံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း ဆုလက်ခံရယူစဉ်။



Pacific Sun Far အသင်းနှင့် YCDC Dream Team အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MFF ယူ-၁၉ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲတွင် Pacific Sun Far အသင်း ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်

ရန်ကုန် စက်တင်ဘာ ၂

၂၀၂၆ MFF ယူ-၁၉ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် ၁၁ ကို ယနေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ Pacific Sun Far အသင်း ပထမအကျော့ပွဲအားလုံး အနိုင်ရရှိပြီး ရာသီဝက် ချန်ပီယံအဖြစ် ရပ်တည်ခဲ့သည်။ စာမျက်နှာ ၈ ကော်လံ ၄ သို့ ❍

## အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ Development phase အုပ်စုဒုတိယပွဲ မြန်မာအသင်းနှင့် ဘရူနိုင်းအသင်း ယနေ့ကစားမည်

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၂၇ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ Development phase အုပ်စု (K) ဒုတိယနေ့ကို စက်တင်ဘာ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဘရူနိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❂

## AFC Challenge League ပြိုင်ပွဲတွင် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်း အုပ်စု (E) ၌ ကျရောက်



AFC Challenge League ပြိုင်ပွဲတွင် နောက်ဆုံးအဆင့်မှ ယှဉ်ပြိုင်ခွင့်ရထားသည့် ရှမ်းယူနိုက်တက်အသင်း။

ရန်ကုန် စက်တင်ဘာ ၂

၂၀၂၆-၂၀၂၇ ရာသီ AFC Challenge League ပြိုင်ပွဲ အုပ်စုမဲခွဲရာတွင် မြန်မာကလပ် ရှမ်းယူနိုက်တက် အသင်းသည် အုပ်စု(E)၌ ကျရောက်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းမှာမူ ခြေစစ်ပွဲအောင်မြင်ပါက အုပ်စု (D) သို့ ကျရောက်မည်ဖြစ်သည်။

ယခုရာသီ AFC Challenge League ပြိုင်ပွဲတွင် မြန်မာကလပ် နှစ်သင်း ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး

စာမျက်နှာ ၁၂ ကော်လံ ၄ သို့ ■

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၆ ရက်အတွင်း နေပြည်တော်၊

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖

## အသက် (၁၄) နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ U-14 Boys Royal-D Cup 2026 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ



နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စု နယ်မြေ နေပြည်တော် အသက်(၁၄)နှစ်အောက် အခြေခံပညာ ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ U-14 Boys Royal-D Cup 2026 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ဘောလုံးကွင်း၌ ကျင်းပသည်။

စာမျက်နှာ ၈ ကော်လံ ၄ သို့ ✻

## ယနေ့ ဖတ်စရာ


နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၀ နှင့် အမျိုးသမီး လေးဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

စာမျက်နှာ » ၁၄

တောင်ငူမြို့၌ ငွေကျပ် ၁ ဒသမ ၄၃၆၉ ဘီလီယံတန်ဖိုးနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ငွေကျပ်သိန်း ၁၅၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

စာမျက်နှာ » ၁၈